မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၀၅၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဿနာနှီးချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်ပညာရှင်များဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယဉ်ကြော်ဖြစ်သည့်ဘေးမှ ကင်းဝေးကြစေရာ

ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ယဉ်ကျေးမှုသုံးမှုအတွင်း လူငယ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည့် သတင်းများကို ဖတ်ရှုလိုက်ရသည်။ ယဉ်ကျေးမှုဟု ဆိုရာတွင် ဖြစ်စဉ်နှစ်ခုမှာ မော်တော်ဆိုင်ကယ်တိုက်မှုဖြစ်၍ ကျန်တစ်မှုမှာ လူများတင်ဆောင်မောင်းနှင်လာသော အရှိန်မထိန်းနိုင်သည့်ကားက လမ်းဘေးတွင်ရပ်ထားသည့်ကားကို နောက်မှဝင်တိုက်မိခြင်း ဖြစ်ပြီး သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရသူ ၁၀ ဦးအထိ ရှိခဲ့သည်။

ယခုနှစ် ဧန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ယဉ်ကျေးမှုစုစုပေါင်း ၃၂၃၄ ကြိမ် ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရသူ ၄၇၀၆ ဦးနှင့် သေဆုံးသူ ၁၆၇၆ ဦး ရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် အလားတူကာလအတွင်း ယဉ်ကျေးမှုစုစုပေါင်း ၄၀၅၀ ဖြစ်ပွားခဲ့ရာ ယခင်နှစ်နှင့် ယခုနှစ် ကာလတူချင်း နှိုင်းယှဉ်ပါက ယခုနှစ်တွင် ယဉ်ကျေးမှု ၈၀၀ ကျော် လျော့ကျသွားကြောင်း ကုန်းလမ်းပို့ဆောင်ရေးဥယျာဉ်ကြားမှူဦးစီးဌာနမှ အချက်အလက်များအရ သိရှိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုအန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) က ထုတ်ပြန်သည့် အချက်အလက်များ၊ နှစ်ချုပ်အစီရင်ခံစာများအရ ၂၀၁၈ ခုနှစ်မှစ၍ ယဉ်ကျေးမှု၊ ဒဏ်ရာရ၊ သေဆုံးမှုများ နှစ်အလိုက် တောက်လျှောက် လျော့နည်းကျဆင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် လတစ်လချင်းအလိုက် အနည်းငယ်ပြန်လည် မြင့်တက်လာခဲ့သည်။

ယဉ်ကျေးမှုကြောင့် သေဆုံးမှုနှုန်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကျဆင်းလျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် လူတစ်သိန်းလျှင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်ဘီး၊ သုံးဘီးတပ် ယဉ်ကျေးမှုကြောင့် သေဆုံးမှုနှုန်းသည် ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၄၅ ရာခိုင်နှုန်းရှိနေသည်မှာ သတိပြုဖွယ်ပင်ဖြစ်သည်။ ယဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ဆယ်စုနှစ်အလိုက် ဆောင်ရွက်လျက် ရှိရာတွင် ပထမဆယ်စုနှစ် (၂၀၁၁–၂၀၂၀) ၏ ရည်မှန်းချက်ကို ပြည့်မီအောင် နိုင်ငံပေါင်း ၁၀ နိုင်ငံကသာ ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာအပါအဝင် ကျန်နိုင်ငံအများစုက ဆောင်ရွက်နိုင်ခြင်းမရှိခဲ့။ ယခုကာလသည် ဒုတိယဆယ်စုနှစ်ကာလ (၂၀၂၁–၂၀၃၀) ဖြစ်ပြီး ရည်မှန်းချက်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် သေဆုံးမှု၏ ထက်ဝက်သို့ လျော့ချနိုင်ရန် ဆောင်ရွက်ရေးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ယဉ်ကျေးမှု ၁၂၉၇၃ မှု၊ သေဆုံးသူ ၄၄၁၀၊ ဒဏ်ရာရသူ ၁၈၆၂၀ ရှိခဲ့ရာ ၁၀ နှစ်တာကာလ ကြိုးပမ်းမှုဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ယဉ်ကျေးမှု ၆၀၀၀ ကျော် ခန့်၊ သေဆုံးသူ ၂၂၀၀ ခန့်၊ ဒဏ်ရာရသူ ၉၀၀၀ ခန့်အထိ လျော့ကျသွားစေရန် ရည်မှန်းထားခြင်းဖြစ်သည်။

အဆိုပါရည်မှန်းချက် အောင်မြင်စေရန်အတွက် NRSC က Quick Win အစီအမံ (၅) ရပ်နှင့် လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၃၀) တို့ကို ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးအန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး ငါးရပ်ဖြစ်သည့် (၁)ယဉ်ကျေးအန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု၊ (၂) ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယဉ်ကျေးသွားလာမှု၊ (၃) ပိုမိုအန္တရာယ်ကင်းသော ယဉ်ကျေးများ၊ (၄) ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ၊ (၅) ယဉ်ကျေးမှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုတို့အပြင် WHO က ပြုစုထားသည့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးအန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက်ပါ Voluntary Targets ၁၂ ချက်တို့ကို အခြေခံ၍ ပြုစုရေးဆွဲ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယဉ်ကျေးအသုံးပြုသူ၊ လမ်းအသုံးပြုသူတိုင်းက အလေးထားလိုက်ပါဆောင်ရွက်ကြရန်လိုသည်။ အထူးသဖြင့် ဆိုင်ကယ်စီးသူတိုင်း အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် စနစ်တကျ ဆောင်းရန်၊ ယဉ်ကျေးစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ မူးယစ်သောက်စားပြီး ယဉ်ကျေးရန်၊ ယဉ်ကျေးနှင့်ယဉ်စီးသူအားလုံး ထိုင်ခုံခါးပတ် ဝတ်ဆင်ရန်၊ သတ်မှတ်အဖြန့်နှုန်းထက် ပိုမောင်းရန်ဟူသော အစီအမံ ငါးရပ်ကို လိုက်နာခြင်းဖြင့် ယဉ်ကျေးဖြစ်သည့် ဘေးအပေါင်းမှ ကင်းဝေးနိုင်ကြပါစေကြောင်း။ ။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီသည် ပြည်ထောင်စု လွှတ်တော်ရုံး၊ ဥပဒေပြဋ္ဌာန်ကြီးမှ ဒုတိယ ဥက္ကဋ္ဌကြားရေးမှူးချုပ် ဦးဇော်ဟိန်း ကို ပြည်ထောင်စု လွှတ်တော်ရုံး ဥက္ကဋ္ဌကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၂၁ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/၈လ

၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါများရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်း ထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

ရွှေတိဂုံစေတီတော်တွင် ပြုလုပ်သည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနေ့က လွှတ်တင်ခဲ့သည့် အထိမ်းအမှတ်အလံရရှိသူ ဒေးဒဲရဲမြို့နယ်မှ ကံထူးသူအား ဆုကြေးငွေချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၁

ရွှေတိဂုံစေတီတော်တွင် ပြုလုပ်သည့် မသိုးသင်္ကန်းပူဇော်ပွဲနေ့က လွှတ်တင်ခဲ့သည့် မသိုးသင်္ကန်းပူဇော်ပွဲ အထိမ်းအမှတ်အလံရရှိခဲ့သူ ဒေးဒဲရဲမြို့နယ်မှ ကံထူးသူ အမျိုးသမီးအား ဆုကြေးငွေချီးမြှင့်ခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဝေါဟကအဖွဲ့ထံမှ သိရသည်။

နိုဝင်ဘာ ၁၅ ရက်က ရွှေတိဂုံစေတီတော်တွင် ပြုလုပ်ခဲ့သည့် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲအခမ်းအနားကို ရွှေကြိုးဖြတ်ဖွင့်လှစ်ရာတွင် မိုးပျံပူဖောင်းများနှင့်အတူ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် အလံငယ်ပါဝင်ပြီး အဆိုပါအလံတွင် ဆုငွေလာရောက်ထုတ်ယူနိုင်ကြောင်း စာတစ်စောင်ထည့်သွင်း လွှတ်တင်ခဲ့ရာ အဆိုပါအထိမ်းအမှတ် အလံငယ်ကို ဧရာဝတီတိုင်းဒေသကြီး ဒေးဒဲရဲမြို့နယ် တဲတန်းကျေးရွာ လိပ်ဥကုန်းနေ ဒေါ်သင်းသင်းဌေးက ကံထူးစွာရရှိခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ရရှိကြောင်းကို နိုဝင်ဘာ ၂၀ ရက်က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ခဲ့သဖြင့် တာဝန်ရှိသူများက ဆုကြေးငွေကျပ်ငါးသိန်းကို ကံထူးသူ ဒေါ်သင်းသင်းဌေးအား ဂုဏ်ပြုပေးအပ်ခဲ့ခြင်းဖြစ်သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်လုပ်

အထိမ်းအမှတ် အလံအား ကံထူးစွာရရှိခဲ့သူကို ဆုငွေ ငါးသိန်းကျပ် ချီးမြှင့်စဉ်။

ကပ်လှူပွဲကို ယခုနှစ် (၃၆)ကြိမ်မြောက်တွင်လည်း တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ ညနေပိုင်းက ရင်ပြင်တော် ရာဟုထောင့် အောင်မြေတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ရွှေကြာသင်္ကန်းတော်များကို လပြည့်နေ့နံနက် အရုဏ်မတက်မီ ညတွင်းချင်းအပြီး ချုပ်လုပ်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်သည်။ Htun Htun

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	စိုးစိုးနိုင်	သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းမှူး	–	မြင့်စိုး	အကြီးတန်း	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
စာတည်းများ	–	ဝင်းကျော်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	–	ခြူးစန်ဒီနွေး၊ တင်လင်းအောင်	အယ်ဒီတန်း	–	ဇော်ဝိုင်းအောင်၊ ဝေသူနယ်၊ ခင်ဖြူထွေး
သုတေသန	–	အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ		
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	–	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့	အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံး၌-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၀၁၉၊ မန်နေဂျာ ၀၁-၅၄၃၁၁၅၊ စီမံ ၀၁-၅၄၃၁၁၅၊ ဌေးရင်း ၀၁-၅၄၃၁၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၆၊ မြန်မိုချိရေး ၀၁-၅၄၃၁၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွေးနုံသာရည်များ ပက်ဖျန်းပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို တက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသား ကျောင်းသူများ၏ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် “အင်ဂျင်နီယာနှစ် ၁၀၀” သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှု၊ “Welcome To NSPU” သီချင်းဖြင့် သရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့်မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်း တက္ကသိုလ်တစ်ခု ဖြစ်လာစေမည့်

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

စာမျက်နှာ ၃ မှ

Naypyitaw State Polytechnic University ကို နိုင်ငံ၏ မြို့တော်နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခရေညင်းပြည့်ဝသည့် နေ့ထူးနေ့မြတ် အခမ်းအနား ဖြစ်ကြောင်း။

မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်းအထောက်အထား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ပျူခေတ်မြန်မာ့ဗိသုကာအမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့တွင် အထင်အရှား တွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရားများတွင်ရှိသည့် ထားသည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် ဘုမိဖသာမုဒြာစက္ကူကျောက်ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စက္ကူကျောက် ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကို အသုံးပြုပြီး အောင်မြင်စွာ တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အရှည်ပေ ၈၆၃၈ ပေရှိသည့် Cable-Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကိုလည်း မြန်မာ့အင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏အစ

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက (၁၉၂၃-၁၉၂၄) ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာနစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး၏အစဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံး အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိ အင်းစိန်မြို့နယ် ကြို့ကုန်းတွင်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင် ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်က အားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဂျင်နီယာသမိုင်းပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုစဉ်။

ဗိသုကာလက်ရာများသည် မြန်မာတို့၏ ဗိသုကာပညာရပ်အဆင့်အတန်း မြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်းလက်ထက် အမရပူရမြို့စာရေးဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသော ဦးပိန်တံတားသည် ကျွန်းသစ်ကိုသာ အသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တည်ရှိနေကြောင်း။

အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်မှု

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီးက ဒဂိုးစက်ရုံ၊ မဲနယ်စက်ရုံ၊ သင်္ကြားစက်ရုံ၊ သင်္ဘောစက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံ စသည့် ရတနာပုံခေတ်စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ရှိသည့် ဗဟိုဝိဇ္ဇာတက္ကသိုလ်မှ သိပ္ပံပညာမဟာဝိဇ္ဇာဘွဲ့အပြင် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာစာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ် ခန့်အပ်ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်းဖြစ်ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင် သည် အီတလီနိုင်ငံ၏ ဟိုတယ်ဒီဇိုင်းကို အခြေခံပြီး ယောမင်းကြီးအုတ်ကျောင်းကို မန္တလေးမြို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်က မြန်မာ့ကြေးနန်းရုံကိုနည်း ဆိုင်ရာ လီဝိဒိပိကာကျမ်းကို ရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့ကြောင်း။

၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများကို သွားရောက်ခဲ့ပြီး လမ်းနှင့်တံတား တည်ဆောက်မှုအပါအဝင် အနောက်တိုင်း ပညာရေးစနစ်များ၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံများကို လေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချ စတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင် သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်း ဦးမြုံက ကြီးကြပ်ပြီး သံဖွတ်လုံးမှအစ သံပြား၊ သံလုံး၊ သံမြှောင်များ၊ လက်နက်များ ပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် "လျှပ်စစ်မီးဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်းအမှတ်(၂) လောပိတရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ၁၆၈ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ် အစောပိုင်းတွင် တက္ကသိုလ်များကွန်ပျူတာစင်တာကို တည်ထောင်ခဲ့ပြီး ICL-1902S Mainframe အမျိုးအစား ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံး ကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

မြန်မာ့ရိုးရာဗိသုကာလက်ရာ ဒီဇိုင်းရေးဆွဲ

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင် အခြောက်အခြား ပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က နိုင်ငံခြားသား ပညာရှင်များနှင့် ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာ ဗိသုကာလက်ရာတို့ ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော်မြို့တော်တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော်အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့် ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိဇာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

စာမျက်နှာ ၄ မှ

အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန်အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University ခုနစ်ခု၊ နည်းပညာတက္ကသိုလ် ၂၇ ခု၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တစ်ခု စုစုပေါင်း အင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့် တက္ကသိုလ် (၅၆)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင် ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်း ပြောကြားလိုက်ကြောင်း။

လက်တွေ့ကျသည့်ပညာရေး သင်ကြားပို့ချ

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သခ်ၤာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့်ပညာရေးကို သင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့်ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်ကိုက်ညီပြီး ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သည့် ဘွဲ့ရများ မွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံတွေ ရရှိနိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပိုလီတက္ကနစ်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့် နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။

ပညာရှင်များမွေးထုတ်ပေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အရည်အသွေးမြင့် လူစွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက်လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အစိုးရနည်းပညာကောလိပ် (နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း။

တိုးချဲ့ဖွင့်လှစ်

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာ အထူးပြုဘာသာရပ် ခြောက်ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော်နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်လာရေး

Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဌာန ခုနစ်ခု၊ ကွန်ပျူတာအထူးပြုဘာသာရပ်ဌာနလေးခု၊ အခြားအထောက်အကူပြုဘာသာရပ်ဌာနငါးခု၊ သင်ကြားရေးဌာန စုစုပေါင်း ၁၆ ခုဖြင့် ပြည့်စုံအောင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့ခုနစ်မျိုးနှင့် ကွန်ပျူတာအထူးပြုဘွဲ့ နှစ်မျိုး၊ စုစုပေါင်းဘွဲ့ကိုးမျိုး အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အင်ဂျင်နီယာအထူးပြု ကျောင်းသား ၂၇၀၊ ကွန်ပျူတာအထူးပြုကျောင်းသား ၁၂၀ စုစုပေါင်း ၃၉၀ ခေါ်ယူသွားမည်ဖြစ်ပြီး

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နည်းပညာဆိုင်ရာပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုစဉ်။

- **Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်**
- **ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြု ဘွဲ့ခုနစ်မျိုးနှင့် ကွန်ပျူတာအထူးပြု ဘွဲ့နှစ်မျိုး၊ စုစုပေါင်းဘွဲ့ကိုးမျိုး အပ်နှင်းသွားမည်၊ တစ်နှစ်လျှင် အင်ဂျင်နီယာအထူးပြုကျောင်းသား ၂၇၀၊ ကွန်ပျူတာအထူးပြုကျောင်းသား ၁၂၀ စုစုပေါင်း ၃၉၀ ခေါ်ယူသွားမည်ဖြစ်**



Naypyitaw State Polytechnic University အဆောက်အဦနှင့် တောတောင်သဘာဝအလှကို အဝေးမှ တွေ့မြင်ရစဉ်။

Naypyitaw State Polytechnic University ကို တွေ့ရစဉ်။

❖ **နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက် ပိုမိုဥပဓိရုပ် ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်**

စာမျက်နှာ ၅ မှ

အင်ဂျင်နီယာ အထူးပြုဘာသာရပ်ကို စာသင်နှစ် ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ်လေးနှစ် စသဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ် တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက် ပိုမိုဥပဓိရုပ် ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များအားလုံးကို ဂုဏ်ပြုချီးကျူး

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာအင်ဂျင်နီယာနှင့် ဗိသုကာအတတ်ပညာနှင့် နိုင်ငံ၏ ဂုဏ်အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင် အကျော်အမော်များအားလုံး ခေတ်သစ် အင်ဂျင်နီယာပညာများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များအားလုံးကို အထူးပင် ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး သမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ်(၁၀၀)ပြည့်မှသည် နောင်နှစ်ပေါင်းထောင်ချီတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာ ကျောင်းသားဟောင်းကြီးများ၊ အင်ဂျင်နီယာလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်တွဲညီညီ ပိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်၍ နိုင်ငံ့အကျိုးကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတင် Documentary ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသောပြခန်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်လည်ကြည့်ရှုကြသည်။

နေပြည်တော်နည်းပညာတက္ကသိုလ် အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့

အဆိုပါ Naypyitaw State Polytechnic University ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်နည်းပညာတက္ကသိုလ်အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့၊ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်၏ အခြေခံအဆောက်အအုံဖြစ်သည့် စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွင်ရှိသည့် ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး သဘာဝနှင့် လိုက်လျောညီထွေစွာ သက်သောင့်သက်သာ ပညာသင်ယူနိုင်ရေး ကြိုးစားတည်ဆောက်ထားခြင်းဖြစ်သည်။ ပရိဘောဂလိုအပ်ချက်၊ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကိုလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ ပြည့်စုံလုံလောက်မှုရှိအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူရသည့် ကာလတစ်လျှောက် အေးချမ်းပျော်ရွှင်စွာဖြင့် တက္ကသိုလ် ကျောင်းသားဘဝ၏ အနှစ်သာရကို ပြည့်ပြည့်ဝဝရရှိစေရေးအတွက် အားကစားကွင်း၊ Recreation Centre စသည်တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်နေစေရေး သစ်ပင်ပန်းမန်များ၊ အလှရေကန်များ၊ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့် နေရာများဖြင့် ဖန်တီးတည်ဆောက်ပေးထားသည်။

ကျိုင်းတုံ၊ ပင်လုံ၊ မြိတ်၊ ထားဝယ်နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကို ဖွင့်လှစ်နိုင်ခဲ့

ယနေ့တွင် Naypyitaw State Polytechnic University ဖွင့်လှစ်မှုနှင့် အတူ တစ်ချိန်တည်း၌ ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကို ဖွင့်လှစ်နိုင်ခဲ့ပြီး Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

Naypyitaw State Polytechnic University ညမြင်ကွင်းကို တွေ့ရစဉ်။

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပုံသေဝင်ငွေရရှိသော လခစားဝန်ထမ်းများနှင့်အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ သို့ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအနေဖြင့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီများ၏ ဖြန့်ဖြူးရောင်းချမှုအပါအဝင် လက်ရှိဖြစ်ပေါ်နေသော မြေပြင်အခြေအနေအပေါ် ထိန်းကျောင်းဆောင်ရွက်သွားမည့် အစီအမံများ၊ လိုအပ်ချက်နှင့် လက်တွေ့ဆောင်ရွက်သင့်သည်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း။

ရာသီဥတု ဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုများ ပျက်စီးဆုံးရှုံးရခြင်းသည် ကုန်ဈေးနှုန်း တည်ငြိမ်မှုအပေါ် တွင်လည်း သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် မိုးစပါးစိုက်ကေများ ထိခိုက်ပျက်စီးခဲ့သဖြင့် စပါးစိုက်ပျိုးမှု ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု၊ အရန်ဆန်နှင့် ပြည်ပတင်ပို့မှု စသည်တို့ကို စနစ်တကျ တွက်ချက်စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လက်ရှိစားအုန်းဆီ ဖြန့်ဖြူးမှု စနစ်တကျရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အသား၊ ငါး၊ ဥစေ့ပွားနှုန်းများ တည်ငြိမ်ရေး အတွက် တိရစ္ဆာန်မျိုးသားပေါက်၊ အစာနှင့် ကာကွယ်ဆေးစသည့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို အကျိုးအမြတ်အတွက် ဈေးကစားခြင်းများ မရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ် ထိန်းကျောင်းသွားရန် လိုအပ်ကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ပေးသင့်သည့် ရေတို/ရေရှည်အစီအမံများကို ပိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အခြေခံ စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်ချက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့် အရေးကြီးကုန်စည်များနှင့် စပ်လျဉ်းပြီး နေ့စဉ်ကြေပိမတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြပ်မတ်ဆောင်ရွက်

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်အထွက် မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားအထိမ်းအမှတ် Engineering Education and Technology Forum ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကို ယနေ့တွင် Naypyitaw State Polytechnic University ၌ ကျင်းပရာ မွန်းလွဲပိုင်းတွင် Engineering Education and Technology Forum ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာဥက္ကဋ္ဌ အာရုနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (The Federation of Engineering Institutions of Asia and the Pacific– FEIAP) ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ အောင်ကျော်မြတ်တို့က keynote speech ပြောကြားကြသည်။

ဆက်လက်၍ အာရုနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ် Ir. Dr Tan Yean Chin က Keynote Speech ၊ အာရုနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ပညာရေးကော်မတီဥက္ကဋ္ဌ Prof. Dr. Chuah Hean Teik မလေးရှားက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားခဲ့ကာ Chair of Committee on Engineering for Innovative Technologies (CEIT), World Federation of Engineering Organization (WFEO) – Prof. Dr. Norlida Buniyamin, မလေးရှားက ချီးကျူးဂုဏ်ပြုစကားများကို Video Clip များဖြင့် ပြောကြားကြသည်။

ယင်းနောက် "အင်ဂျင်နီယာပညာရှင်မဲ့အားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် Pannel Session ကျင်းပရာ The Federation of Engineering Institutions of Asia and the Pacific – FEIAP နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံပိသုကာကောင်စီ ဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ၏ Engineering Education and Accreditation Committee–EEAC ဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိဂီဂီနှင့် Moscow Engineering physics Institute မှ Associate Professor Dr. Pliaskin Aleksandr Vladis–lavovich တို့က Pannel Session တွင် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Forum Parallel Session များတွင် အနာဂတ် အင်ဂျင်နီယာပညာရေး (The Future of Engineering Education)၊ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍ (The Role of Engineers for Myanmar's Sustainable Development)၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု (Green Energy to support Energy Security)၊ နောက်ဆုံးပေါ် နည်းပညာဖွံ့ဖြိုးမှု အရွေ့များ (Most Advanced Technology Trends) နှင့် ဒစ်ဂျစ်တယ် ကူးပြောင်းမှုမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (Digital Transformation towards the National Development) ဟူသည့် ခေါင်းစဉ် (၅)ခုဖြင့် ကျင်းပလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အင်ဂျင်နီယာပညာရေးအပေါ် ပိုမို စိတ်ဝင်စားမှု အားကောင်းလာစေရန် Engineering Festival, Project Show နှင့် Product Show များလည်း ထည့်သွင်း ကျင်းပသည့်အပြင် Hackathon ပြိုင်ပွဲ၊ e–sport ပြိုင်ပွဲများ၊ Quiz အစီအစဉ်များ၊ Engineering Battle ပြိုင်ပွဲများ တစ်ပြိုင်နက် တည်း ကျင်းပကြောင်း သိရှိရသည်။

သတင်းစဉ်

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၁

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်
ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager - Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၁ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager – Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Global Fund အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သမဝါယမအသင်း၌ပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ၊ သမဝါယမအသင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ခေတ်နှင့် လျော်ညီမှုရှိစေရေးနှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို ဆောင်ရွက်ပေးနိုင်ရန်အတွက် လည်းကောင်း၊ စိမ်ခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ ပါဝင်နိုင်စေရန် အတွက်လည်းကောင်း လက်ရှိ ကျင့်သုံးနေသည့် ၁၉၆၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယင်းဥပဒေ(မူကြမ်း)သည် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရန် လိုအပ်သဖြင့် အဆိုပါဥပဒေ (မူကြမ်း) အား ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ရှိ ရွှေလီ (ကြယ်ဂေါင်) နှင့် မူဆယ် (နန်းတော်) ဂိတ်များ၌ လုံခြုံရေးအရစိစစ်၍ နှစ်နိုင်ငံနယ်စပ်ပြည်သူများ ဖြတ်သန်းသွားလာမှုအဆင်ပြေစေရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ယူနန်ပြည်နယ် မန်စီမြို့မှ မြန်မာနိုင်ငံနယ်စပ် ရွှေလီမြို့သို့ သွားရောက်၍ ရွှေလီမြို့ ကြယ်ဂေါင် လူဝင်မှုစစ်ဆေးရေးဂိတ် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာသည်။

ထိုသို့ကြည့်ရှုစဉ် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ ယူနန်ပြည်နယ် လူဝင်မှုစစ်ဆေးရေးဌာနမှူး၊ ရွှေလီလူဝင်မှုစစ်ဆေးရေးဌာနမှူး Mr.Jiang Bing က ကိုးကန့်ဒေသ၌ လက်နက်ကိုင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း EAO များထိန်းသိမ်းထားသည့် နယ်စပ်ဒေသများရှိ နယ်စပ်စစ်ဆေးရေးဂိတ်များအား လက်ရှိအခြေအနေတွင် ဝင်/ထွက်မှုများရပ်ဆိုင်းကာ ပိတ်သိမ်းထားရှိမှု၊ အစိုးရအချင်းချင်း အပြန်အလှန် ပူးပေါင်းညှိနှိုင်းပြီး မှသာ ပိတ်သိမ်းထားသည့် နယ်စပ်ဂိတ်များကို လိုအပ်သလို ခွင့်ပြုဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ အမျိုးသား လူဝင်မှုကြီးကြပ်ရေး စီမံခန့်ခွဲရေးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသ ထိန်းသိမ်းရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် Mr. Li Tao က တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် ဆောင်ရွက်မှုများအပေါ် အားပေးထောက်ခံ၍ တည်ငြိမ်အေးချမ်းရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှု၊ နှစ်နိုင်ငံနယ်စပ်ရှိ EAO များ ထိန်းချုပ်နယ်မြေများမှ နယ်စပ်ဝင်/ ထွက်ဂိတ်များ ပိတ်သိမ်း ထားရှိမှုနှင့် တည်ငြိမ်အေးချမ်းပါက နှစ်နိုင်ငံပြည်သူများ အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက မဲခေါင် – လန်ချန်ပူးပေါင်းဆောင်ရွက်မှု၊ ပိုးလမ်းမ စီမံကိန်းနှင့် ကျောက်ဖြူရေနက် ဆိပ်ကမ်းစီမံကိန်းများ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ တည်ငြိမ် အေးချမ်းပြီး နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ကာ အပြန်အလှန် ကုန်စည်ကူးသန်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့ကို မူဆယ် (နန်းတော်ဂိတ်) အစည်းအဝေး ခန်းမ၌ တာဝန်ရှိသူများက မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်တချို့ ပိတ်ထားမှုနှင့် နှစ်နိုင်ငံပြည်သူများ နန်းတော်စစ်ဆေးရေးဂိတ်မှ အပြန်အလှန် ကူးလူးဆက်သွယ် သွားလာနိုင်ရေး စီစဉ်ဆောင်ရွက် ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက် နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တရားဝင် ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်များမှ တရားမဝင် ဝင်/ထွက်မှု မရှိစေရေးနှင့် လုံခြုံရေးကို အထူးအလေးဂရုပြု ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတွင်းသို့ ဝင်ခွင့်မပြုသူများ ဝင်ရောက်မလာစေရေးနှင့် နိုင်ငံ ပြင်ပသို့ ထွက်ခွာခွင့်မရှိသူများ ထွက်ခွာခွင့်မပြုရေး စနစ်တကျ စိစစ်ဆောင်ရွက်ကြရန် အရေးကြီး ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ထံ မလိုလားအပ်သည့် ကုန်ပစ္စည်းများ မရောက်ရှိစေရေးအတွက် နယ်စပ်ဂိတ်များပိတ်ထားသကဲ့သို့ နှစ်နိုင်ငံ ပြည်သူများအတွက် မဖြစ်မနေဖွင့်လှစ်သည့် နယ်စပ် ဂိတ်များတွင်လည်း စနစ်တကျ အသေးစိတ် စစ်ဆေးဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ မိမိတို့ ဘက်မှလည်း နယ်စပ်ဒေသ များ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထား ဆောင်ရွက်နေသကဲ့ သို့ တရုတ် – မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ အတူအကူ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါ ကြောင်း ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေး ပြီး စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် မြန်မာ – တရုတ် နှစ်နိုင်ငံ နယ်စပ်ပြည်သူများ ဝင်ထွက်သွားလာမှုနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ စိစစ်ဆောင်ရွက် နေမှုအခြေအနေများကို လုည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း) နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ရရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့အား ၂၀၂၃ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ကြည်မင်းဝေရေးသားသည့် **စစ်သူကြီး မဟာမင်းထင်နေဝံရထာ** စာအုပ် (ဖိုးဝစာပေတိုက်)၊ ဝတ္ထုတိုဆုတွင် မနှင်းဖွေးရေးသားသည့် **လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ** စာအုပ် (လင်းလွန်းခင် စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် စဆနိုင်ရေးသားသည့် **အမေ ပေးသောကဗျာများ** စာအုပ် (စာပေဗိမာန်)၊ စာပဒေသာဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **အမေ့အပြုံးနှင့်အဖေ့မျက်ရည်** စာအုပ် (မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆုတွင် ဉာဏ်လင်းတင့် ရေးသားသည့် **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ** စာအုပ် (ဦးသန်းမြင့်စာပေတိုက်)၊ ကလေးစာပေဆုတွင် ပုလောစိုးနံ့သာရေးသားသည့် **စက္ကူလေယာဉ်ပျံကလေး ကဗျာများ** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန် ရေးသားသည့် **ဘဝခရီးသွားလူငယ်များသို့** စာအုပ် (ဒွေကောင်းကင်စာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်း ရေးသားသည့် **မှော်ဓိန်လာသော အမေရိကန်ရာစုနှစ်** (ယဉ်မျိုးစာပေတိုက်)၊ သုတပဒေသာ (ဝိန္ဓာ)ဆုတွင် ပုံချီရေးသားသည့် **ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ** စာအုပ် (ပဝဝင်းစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **ရှူကလီးယား စွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ** စာအုပ် (စွယ်စုံစာပေတိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဇရာကို ရင်ဆိုင်ခြင်း အနုပညာ** စာအုပ် (ဦးမျိုးဆင့် စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ် ရေးသားသည့် **အတွေးအမြင်** စာအုပ် (မြဝတီ စာပေတိုက်)၊ အင်္ဂလိပ်ဘာသာသုတ)ဆုတွင် Terence Tan ရေးသားသည့် **Ancient Beads and Jewellery of Myanmar** စာအုပ် (DUYA SARPAY စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် နေမျိုး ရေးသားသည့် **မိုးဘိုင်စကုတ်** စာအုပ် (ငါတို့စာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင် ရေးသားသည့် **မဟာဂီတပေါင်းချုပ် စွယ်စုံကျမ်း** စာအုပ် (လမင်းလေးစာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာတယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅၂၈) လက်မရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ညိမ်းညို၏ **စာမျက်နှာတချို့**၊ ဒုတိယဆုကို ချစ်ညွှန့်ကျော်၏ **ကွယ်လေးရဲ့ မောင့်ခြံထဲတဲ့ တန်းမွယ်လို့မိုး**၊ တတိယဆုကို မောင်စိုးထိုက် (သုံးဆယ်) ၏ **ကျွန်တော်တို့သားအမိ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမင္ဂလာ၏ **ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို လွမ်းနိုနို(ဘော်မြေ)၏ **မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာ မြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်**၊ တတိယဆုကို ရဲမင်းစိုး၏ **မုန်တိုင်းကိုမမူ အံတုလေသော်နှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခက်လှိုင်းကျော်၏ **စိတ်တစ်ဆင်စာ ကဗျာများ**၊ ဒုတိယဆုကို ရွှန်းညို (တာချီလိတ်)၏ **ရှုမ်းရှေ့မြေရုန်နှင့် ကဗျာစုများ**၊ တတိယဆုကို မောင်ချိုဝေ၏ **ယာထဲကကြေးစည်သံ နှင့် လက်ရွေးစင်ကဗျာများ** စာမူများက လည်းကောင်း၊ သုတပဒေသာ (ဝိန္ဓာ)ဆုတွင် ပထမဆုကို မြန်စာမြေသိန်းလွင်၏ **ပျို့စာဆို ဦးနိုး၏ ဘဝနှင့် စာပေ**၊ ဒုတိယဆုကို အရှင်ရေဝတ (ရွှေကွမ်းသား) ၏ **သမိုင်းမော်ကွန်း ရည်ညွှန်းသက်သေတို့တေးမြေ**၊ တတိယဆုကို မောင်သာ(ရေးဟောင်း သုတေသန)၏ **ပရိုင်းမိတ်မှ ပျူသို့ ယဉ်ကျေးမှု အထောက်အထားများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို ဒေါက်တာကောင်းစိုး၏ **စားသုံးသူများ၏ ကျန်းမာရေး၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေး** နှင့် တတိယဆုတွင် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **အလေးအနက်ထားစရာ လျစ်လျူရှုခံရောဂါများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို အန်ကယ်ပညာ၏ **မေမွေ ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**၊ ဒုတိယဆုကို အောင်(လွန်ဆေး)၏ **ပြိုင်တူတွန်းသောအရွှေနှင့် ဘဝတစ်ကွေ့ အမှတ်တရစာစုများ**၊ တတိယဆုကို မောင်လှကျော်(ပန်းတောင်း)၏ **ရွှေဟောမှုး၏ ပေးကူလမ်းပြ ဘဝမြေပြင်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို သျှင်ဝိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်) ၏ **ဖျိုလေးကြိုလှည့်ပွဲ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကနေဂင်နိုင်နွယ်ဦး၏ **လမင်းမျက်နှာ ပန်းမျက်နှာကလေးကဗျာများ**၊ ဒုတိယဆုကို အင်းကြင်းမေ၏ **စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင့်နှင့် ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ညိမ်းညို၏ **ရင်သွေးရတနာ ကလေးကဗျာများ** စာမူများက လည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို သားညီမောင်၏ **ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့**၊ ဒုတိယဆုကို မောင်ညီလွှဲ(အညာမြေ)၏ **လောကခံကြို့ မဖြို့စတမ်းပေါ့**၊ တတိယဆုကို နောင်အံ့လူ၏ **တောင်အရပ်မှာ ခူပဲကြယ်** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)၏ **ဇာတိမာန် စာဆို ပုဂ္ဂိုလ်ကျော်များ**၊ ဒုတိယဆုကို မောင်မင်းထင် (မြစ်ဝကျွန်းပေါ်)၏ **လွတ်လပ်ရေးကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်** စာမူများက လည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို နေစိုးသော်၏ **ချစ်ပန်းမွှဲ** နှင့် တတိယဆုကို မောင်ယဉ်လှိုင်း (ပျဉ်းမမြို့င်)၏ **မျဉ်းပြိုင်ကမ်းလက်** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ **ကပ်ရောဂါဘေးကင်းစေရေး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **Significant Cultural Information about Pyu Ancient Cities** စာမူကလည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရပါသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၃ ခုနှစ်ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၄ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာတယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅၂၈) လက်မရောင်စုံ ဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၄ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၄ ရက်နေ့နောက်ဆုံးထားရှိ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရွှေတွဲလဲ ငွေတွဲလဲ ဘယ်အသင်းဗိုလ်စွဲမလဲ

အားကစားပရိသတ်တစ်ဦး

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေကြသည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်း၏ လက်ရည်စမ်းပြိုင်ပွဲယှဉ်ပြိုင်နေမှု။

အားကစားလောက၊ အားကစားနယ်ပယ်တွင် အောင်မြင်မှု အတိုင်းအတာကို ဆုတံဆိပ်၊ စံချိန်စံညွှန်းများဖြင့်သာ အကဲဖြတ်လေ့ရှိသည်။ ပြိုင်ပွဲအဆင့်အတန်းအပေါ် မူတည်၍ ဆုတံဆိပ်တန်ဖိုး၊ ဂုဏ်သိက္ခာများကလည်း ကွဲပြားခြားနားမှုရှိလေသည်။

သို့ရာတွင် အားကစားပြိုင်ပွဲများ၏ သဘောသဘာဝအတိုင်း မည်သည့်ပြိုင်ပွဲမဆို အောင်မြင်မှုသရဖူ ဆုတံဆိပ်များကို ရယူဆွတ်ခူးနိုင်ရန်မှာမူ မလွယ်ကူလှချေ။ အနီးစပ်ဆုံး သာဓကအဖြစ် ကမ္ဘာ့ကျော်ဘောလုံးသမားအများစုသည်ပင်လျှင် အထင်ကရပြိုင်ပွဲများတွင် ကလပ်အသင်းအောင်မြင်မှုနှင့် နိုင်ငံ့လက်ရွေးစင် အသင်းအောင်မြင်မှု နှစ်ခုစလုံးကို ပြိုင်တူရယူဆွတ်ခူးနိုင်ရန် ခက်ခဲလှသည်။

ဘရာဇီး ဘောလုံးအသင်းမှ ဂန္ဓဝင်ဘောလုံးသမားကြီး ပီလီနှင့် ရော်နယ်ဒိုတို့ဆိုလျှင် နိုင်ငံ့လက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် ချန်ပီယံအဖြစ် အောင်မြင်မှုများ ရယူဆွတ်ခူးနိုင်ခဲ့ကြသော်လည်း ကလပ်အသင်းအဆင့်တွင် အဆင့်အမြင့်ဆုံး ဥရောပချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်း မရှိခဲ့ကြချေ။ ပီလီက ကစားသမားဘဝ အတောက်ပဆုံးကာလ တစ်လျှောက်လုံး မိခင်နိုင်ငံက ဆန့်တိုစ်ကလပ်အသင်းနှင့် ကစားသမားဘဝပြီးဆုံးခါနီး အမေရိကန်မေဂျာလိဂ်ကလပ် ကော့စ်မိုအသင်းတွင်သာ ကစားခဲ့ပြီး နာမည်ကျော် ဥရောပကလပ်အသင်းကြီးများတွင် သွားရောက်ခြေချ မကစားခဲ့၍ဖြစ်သည်။ ရော်နယ်ဒိုမှာမူ နာမည်ကျော် ဘာစီလိုနာ(စပိန်)၊ အင်တာမီလန်(အီတလီ)နှင့် ရီရဲလ်မက်ဒရစ်(စပိန်)ကလပ်အသင်းတို့တွင် ခြေစွမ်းပြကစားရင်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုများ အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့သော်လည်း ဥရောပချန်ပီယံလိဂ် ဆုဖလား နှင့်မူ ကံမစပ်ခဲ့ချေ။

ပေါ်တူဂီစတား ကမ္ဘာ့ကျော်ဘောလုံးသမား ခရစ်တီယာနိုရော်နယ်ဒိုမှာမူ မန်ယူ၊ ရီရဲလ်အသင်းတို့နှင့်အတူ ဥရောပချန်ပီယံလိဂ်ဆုဖလားကြီးကို အကြိမ်ကြိမ်ရယူဆွတ်ခူးရရှိခဲ့သော်လည်း နိုင်ငံ့လက်ရွေးစင်အဆင့်တွင် ယူရို(၂၀၁၆) ပြိုင်ပွဲ ချန်ပီယံဖလားအောင်မြင်မှုမှအပ ကမ္ဘာ့ဖလားချန်ပီယံဆုတံဆိပ်နှင့် ဝေးကွာနေဆဲဖြစ်သည်။ ခရစ်တီယာနိုရော်နယ်ဒိုနှင့် တစ်ချိန်က ကစားဖော်ဖြစ်ခဲ့သူ မန်ယူတောင်ပံကစားသမား ရိုင်ရန်ဂစ်ဆိုမူ သူ့ဘောလုံးသမားဘဝတစ်လျှောက်လုံး ကမ္ဘာ့ဖလားပြိုင်ပွဲကိုပင် မကစားခဲ့ဖူးချေ။ နိုင်ငံ့လက်ရွေးစင်ဖြစ်သော ဝေးလံအသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲပင် မအောင်မြင်ခဲ့၍ ဖြစ်သည်။

ကမ္ဘာ့အဆင့် ကလပ်အသင်းပြိုင်ပွဲနှင့် နိုင်ငံ့လက်ရွေးစင်အသင်းတို့နှင့်အတူ ပြီးပြည့်စုံသော အောင်မြင်မှုရရှိခဲ့ဖူးသည့် ကစားသမားဟူ၍ သည်ဘက်ခေတ်တွင် အာဂျင်တီးနားစတား လီယိုနယ်မက်ဆီတစ်ဦးသာ ရှားရှားပါးပါး အောင်မြင်မှုရရှိခဲ့ဖူးသည်။

မက်ဆီသည် ဘာစီလိုနာ(စပိန်) အသင်းနှင့်အတူ ဥရောပချန်ပီယံလိဂ် ဆုဖလားကြီးနှင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုများကို အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့ရုံမက နိုင်ငံ့လက်ရွေးစင် အာဂျင်တီးနားအသင်းနှင့်လည်း ကိုပါအမေရိက ချန်ပီယံဆုဖလား အပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီးပါ ဆွတ်ခူးရယူနိုင်ခဲ့၍ ပြီးပြည့်စုံသော အောင်မြင်မှုမှတ်တမ်းကို ရယူစိုက်ထူနိုင်ခဲ့လေသည်။ အာဂျင်တီးနားပရိသတ်များကလည်း မက်ဆီကို တစ်ချိန်က ဂန္ဓဝင်ဘောလုံးသမားကြီး မာရာဒိုနာနည်းတူ သောင်းသောင်းဖြဖြ အားပေးချီးမြှင့်မြွောက်စားခဲ့ကြသည်။

မြန်မာ့အားကစားနယ်ပယ်တွင်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်ပေါင်းမြောက်မြားစွာ ရယူဆွတ်ခူးပေးခဲ့ကြသော တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကို နိုင်ငံတော်နှင့် မြန်မာပြည်သူအပေါင်းက မှတ်တမ်းတင်အမှတ်တရ ရှိနေကြဆဲပင်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများဖြစ်ကြသည့် ရွှေတံဆိပ် ၂၈ ဆုရှင် ခင်ခင်ထွေး (ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ၁၉ ဆုရှင် သန်းသန်း(ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ၁၇ ဆုရှင် ဂိုး-တင်အောင်(ဘောလုံး)၊ ရွှေတံဆိပ် ၁၅ ဆုရှင် ဂျနီဖာတင်လေး (ပြေးခုန်ပစ်)၊ ရွှေတံဆိပ် ခြောက်ဆုရှင်များဖြစ်ကြသော သန့်စင် (ပြေးခုန်ပစ်)နှင့် မြင့်အောင်(ကျွမ်းဘား)၊ ရွှေတံဆိပ်သုံးဆုရှင် စောဆာလေလ(ပြေးခုန်ပစ်)တို့က ပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်ကို ကွင်းအတွင်း နောက်ဆုံးလက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့ကြသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ်တွင်လည်း တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကို လစဉ်ထောက်ပံ့ကြေးများအပြင် ဘွဲ့ထူး၊ ဂုဏ်ထူးများပါ ပေးအပ်၍ ချီးမြှင့်မြွောက်စားခဲ့ပါသည်။

နေပြည်တော်၌ ယခုလာမည့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာလည်း နိုင်ငံတော်အဆင့် အမြင့်ဆုံး ပြိုင်ပွဲကြီးတစ်ခုဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို တစ်ပါတည်းရွေးချယ်မည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲကြီးတစ်ပွဲဖြစ်သည်။

ထို့ပြင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း “ပြိုင်ပွဲကြီး ပြီးသွားသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ် ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို

စာမျက်နှာ ၁၁ သို့

- ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာလည်း နိုင်ငံတော်အဆင့် အမြင့်ဆုံး ပြိုင်ပွဲကြီးတစ်ခုဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို တစ်ပါတည်းရွေးချယ်မည်ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲကြီးတစ်ပွဲဖြစ်သည်
- ဝန်ကြီးဌာနအသင်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှာ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း အမျိုးအစားအလိုက် အောင်မြင်မှုရရှိရေးအတွက် ပွဲမဝင်ခင်အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိ
- ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ အားကစားနည်း ၂၃ မျိုးအပြင် မသန်စွမ်းအားကစားနည်း လေးမျိုးကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ရွှေတံဆိပ် ၆၇၈ ခု၊ ငွေတံဆိပ် ၆၇၈ ဆုနှင့် ကြေးတံဆိပ် ၉၀၂ ဆုချီးမြှင့်ပေးအပ်သွားရန် လျာထားလျက်ရှိ

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်း ခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်မျက်အတွဲအမှတ် (၁)မှ အတွဲအမှတ်(၁၆၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချသည့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရှိသည့် ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်း ကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူရမည်ဖြစ်သည်။

ညနေပိုင်းတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၈၅၀) အထိတင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲပဋ္ဌမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေ နှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးခြင်းဖြစ်ပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးစားတို့ဖြင့် ပေးချေရမည်ဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ (သို့မဟုတ်) ကျပ်ငွေဖြင့် ပေးချေဝယ်ယူရမည်ဖြစ်သည်။

အလားတူ ကျပ်ငွေဖြင့် အခြေခံဈေး သတ်မှတ်ထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကို လည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးနိုင်ခဲ့ပြီး အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၀ မှ

ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးမြှင့်ပေးအပ်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးပြီး အားပေးသွားကြရန်လိုကြောင်း” စသည်ဖြင့် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် မှာကြားခဲ့ပါသည်။

သို့ဖြင့် ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှာ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း အမျိုးအစားအလိုက် အောင်မြင်မှုရရှိရေးအတွက် ပွဲမဝင်ခင် အားသွန်ခွန်စိုက် အစွမ်းကုန်ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၁၄ ဦးဖြင့် အားကစားနည်းခြောက်မျိုးစလုံးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘောလုံး(အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား) အသင်းတို့ကလည်း တစ်ပွဲချင်းအလိုက် အာရုံစူးစိုက်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဟုဆိုသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကလည်း ပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ဆုံပွဲတွင် အားကစားသမားများကို **“အောင်မြင်မှုရရှိရေးအတွက် အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ အားကစားစိတ်ဓာတ်အပြည့်နှင့် ပါဝင်ယှဉ်ပြိုင်ကြရန်”** မှာကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဘောလုံး၊ ဖုတယိ၊ ဂေါက်သီး၊ ပြေးခုန်ပစ်အားကစားနည်းများတွင် ရွှေတံဆိပ်များ မျှော်မှန်းပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းကလည်း ရွှေတံဆိပ်ဆွတ်ခူးရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ဘော်လီဘောပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကြီးမားခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းကလည်း ယခုပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ရန်မျှော်လင့်နေသည်ဟု ဆိုသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကမူ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၆၉ ဦးဖြင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးနှင့် ပြေးခုန်ပစ် အပါအဝင် အားကစားနည်းငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေကိုယ်စားပြု နေပြည်တော်ကောင်စီအသင်းက ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ခရစ်ကက်၊ ဘောလုံး (အမျိုးသား)၊ ပြေးခုန်ပစ်၊ အလေးမ၊ ကာယဗလနှင့် ကာယကြွခိုင်မှု ပုဂ္ဂူး၊ ဗိုဗီနမ်နှင့် မြန်မာ့သိုင်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိရန် ပိုမိုအားထည့်ထားကြောင်း၊ အသင်းကို စက်တင်ဘာလမှ စတင်၍ ရက်ပေါင်း ၆၀ ခန်းသွင်းလေ့ကျင့်လျက်ရှိပြီး အောင်မြင်မှုရရှိရန် စုစုစည်းစည်း ကြိုးစားနေကြောင်း

ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်ဆက်တည်းမှာပင် **“ဒီပွဲက တစ်နိုင်ငံလုံးက ပါဝင်ယှဉ်ပြိုင်တဲ့ ပွဲဖြစ်သလို အသက်ကန့်သတ်ချက်လည်းရှိတော့ လူငယ်အားကစားသမားတွေ အမြောက်အမြား ပေါ်ထွက်လာနိုင်ပါတယ်။ လူငယ်တွေအတွက်လည်း အခွင့်အရေးတွေ အများကြီးရရှိလာမှာဖြစ်သလို နိုင်ငံ့လက်ရွေးစင်အတွက်လည်း အများကြီးအထောက်အကူဖြစ်ပါတယ်”** ဟု ဆိုသည်။

ကရင်ပြည်နယ်အသင်းတွင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား စုစုပေါင်း ၄၉၃ ဦး ပါဝင်ပြီး အားကစားနည်း ၂၃ မျိုးစလုံးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်ထားသည့် ပြေးခုန်ပစ်နှင့် ဘော်လီဘောအားကစားနည်းများမှ ရွှေတံဆိပ်ရယူ ဆွတ်ခူးနိုင်ရန် မျှော်လင့်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအသင်းကလည်း အားကစားနည်း ၂၃ မျိုး အပြင် မသန်စွမ်း အားကစားပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိနိုင်ရေးအတွက် အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမား စုစုပေါင်း ၅၆၈ ဦးကို ပဲခူး၊ တောင်ငူ၊ ပြည်၊ အုတ်တွင်းနှင့် ရွှေတောင်မြို့များတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအသင်းအနေဖြင့်မူ အားကစားနည်း ၂၃ မျိုးအနက် ၂၁ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ အဓိက အားသာသည့် အားကစားနည်းများတွင် ရွှေတံဆိပ်များ လွတ်ထွက်မသွားစေရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဟုဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်း ပဋ္ဌမအကြိမ်အမျိုးသား အားကစားပွဲတော်ကြီးတွင် အောင်မြင်မှုမှတ်တိုင် ဆက်လက်စိုက်ထူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားပွဲတော်ကို ကျင်းပ၍ အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်းအဆင့်တစ်မျိုးသာ ပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယဖြင့် ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ကျင်းပမည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ အားကစားနည်း ၂၃ မျိုးအပြင် မသန်စွမ်းအားကစားနည်း လေးမျိုးကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ရွှေတံဆိပ် ၆၇၈ ခု၊ ငွေတံဆိပ် ၆၇၈ ဆုနှင့် ကြေးတံဆိပ် ၉၀၂ ဆုချီးမြှင့်ပေးအပ်သွားရန် လျာထားလျက်ရှိရာ မည်သည့်အသင်းက ရွှေတွဲလဲ ငွေတွဲလဲဖြင့် အောင်မြင် ဗိုလ်စွဲသွားနိုင်မည်ဆိုသည်ကို ဆက်လက်စောင့်မျှော် ကြည့်ရှုအားပေးကြရပါဦးမည်။ ။

အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့

ဒေါက်တာစိုးလင်းအောင်

ဦးခင်မောင်ဌေး

ဒေါ်အေးမြင့်ဆွေ

ဦးမျိုးဝင်း

ဦးထက်မြက်အောင်

မောင်အောင်မင်းခန့်

မောင်ကြည်စင်သိန်း

မြန်မာနိုင်ငံ အင်ဂျင်နီယာ ပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် "အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်နှင့် Engineering Education and Technology Forum ဖိုရမ်ကို Naypyitaw State Polytechnic University ၌ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပလျက်ရှိသည်။

မြန်မာအင်ဂျင်နီယာပညာရေးသမိုင်းကြောင်း၊ ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာသိရှိနိုင်ရန် သမိုင်းပြခန်းများ၊ စာတမ်းဖတ်ကြားမှုများနှင့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ပရောဂျက်ပြပွဲများမှတစ်ဆင့် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသားလူငယ်များ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ဗဟုသုတများရယူနိုင်ရန် ရာပြည့်သဘင်အခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

ဒေါက်တာစိုးလင်းအောင်
တာဝန်ခံပါမောက္ခချုပ်
Naypyitaw State Polytechnic University

ရာပြည့်အခမ်းအနားမှာ သမိုင်းစဉ်တစ်လျှောက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းတွေသာမက အရင်ခေတ်တွေက မြန်မာနိုင်ငံမှာ အင်ဂျင်နီယာနဲ့ ဗိသုကာ ဘာသာရပ်ထွန်းကားမှုတွေ၊ အင်ဂျင်နီယာ၊ ဗိသုကာ ဘာသာရပ်နဲ့ပတ်သက်တဲ့ အမွေအနှစ်တွေ၊ အစဉ်အဆက် ဆောင်ရွက်ခဲ့ကြတဲ့ အင်ဂျင်နီယာကြီးတွေဆီက အနာဂတ် မျိုးဆက်သစ်တွေအတွက် စံနမူနာယူစရာ၊ အတုယူစရာတွေနဲ့ ဒီထက်ပိုမိုကောင်းမွန်တဲ့ ကြိုးစားအားထုတ်မှုတွေ ရရှိလာစေဖို့ ရည်ရွယ်ပြီး ဒီအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်။

ရာပြည့်အခမ်းအနားမှာ အဓိကအားဖြင့် Engineering Education and Technology Forum ကို အဓိပ်ဂါးပိုင်းနဲ့ ကျင်းပမှာဖြစ်ပါတယ်။ ပြီးတော့ Engineering Festival မှာဆိုရင် Activities တွေအနေနဲ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (Quiz)၊ Hackathon ၊ Esports ၊Talk show ၊ Engineering Battle တွေ ပါဝင်မှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာ သမိုင်းပြခန်း၊ Digital Transformation and AI ပြခန်း စတဲ့ နည်းပညာပေါင်းစုံနဲ့ပတ်သက်တဲ့ Project Show ပြခန်းတွေပါဝင်မှာ ဖြစ်ပါတယ်။

စာတမ်းဖတ်ပွဲမှာ အနာဂတ်အင်ဂျင်နီယာပညာရေးနဲ့ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်ကြမလဲ၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု၊ နောက်ဆုံးပေါ်နည်းပညာအရွေ့များနဲ့ စွမ်းအင်ကဏ္ဍစတဲ့ ကဏ္ဍငါးခုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စာတမ်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ နှစ်တစ်ရာမှာ တစ်ကြိမ်သာ ကြုံတွေ့ရတဲ့ သမိုင်းဝင် အခမ်းအနားမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တစ်ခုတည်းတင် မဟုတ်ဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာ ဌာနအားလုံး ပါဝင်ပါတယ်။ ပြီးတော့ အင်ဂျင်နီယာသမိုင်းမှတ်တမ်းစာအုပ်ကို ပြုစုနိုင်ခဲ့တာက အမှတ်တရပါ။

ဦးခင်မောင်ဌေး (ဒုတွဏ္ဍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ပွဲက အင်ဂျင်နီယာပညာရပ် ဖြစ်ပေါ်တိုးတက်လာတဲ့ အဆင့်ဆင့်သော သမိုင်းကြောင်းကို ပေါ်လွင်အောင် ပြသနိုင်တဲ့ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ Polytechnic University က ကျောင်းသူကျောင်းသားတွေကို Student Members အသင်းဝင်အဖြစ် လက်ခံသွားမယ်။ ပြီးတော့ ကျောင်းသူ ကျောင်းသားတွေ သိသင့်သိထိုက်တဲ့ အင်ဂျင်နီယာပညာရပ်တွေနဲ့ ပတ်သက်ပြီး အသိပညာတွေ ပေးပြောပြဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေ အတွက် အကျိုးရှိစေမှာပါ။ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ အင်ဂျင်နီယာပညာရပ်နဲ့ ပတ်သက်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒေါ်အေးမြင့်ဆွေ (ဦးစီးအရာရှိ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဦးစီးဌာန)

ရာပြည့်သဘင်ရဲ့ ဖိုရမ်ဆွေးနွေးမှုမှာ ကျွန်မတို့ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ဆည်မြောင်းနဲ့ ပတ်သက်တဲ့ စာတမ်းတစ်ခုကို ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ Irrigation Works in Myanmar (Current Status, Technological Advancements and Challenges) ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပြီး ဆည်မြောင်း နီမိုင်းတွေကို ခေတ်မီနည်းပညာတွေနဲ့ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်နေလဲဆိုတဲ့ အကြောင်းအရာတွေ၊ ကျွန်မတို့နိုင်ငံရဲ့ ဆည်မြောင်းသမိုင်း၊ ဆည်မြောင်းကဏ္ဍမှာ အင်ဂျင်နီယာတွေ ရင်ဆိုင်ကျော်လွှားရမယ့် အခက်အခဲတွေနဲ့ ဒီအခက်အခဲတွေကို ဘယ်လို ပေါင်စပ်ဖြေရှင်းရမလဲဆိုတဲ့ အချက်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာ ဘာသာရပ်မှာဆိုရင် ဆည်မြောင်းနဲ့ သက်ဆိုင်တာ၊ ဆောက်လုပ်ရေးနဲ့ သက်ဆိုင်တာစသဖြင့် ကဏ္ဍစုံရှိတဲ့အတွက် အခုလို စာတမ်းဖတ်ပွဲ ကျင်းပတဲ့အခါ အားလုံးဆုံကြပြီး အကြံဉာဏ်ကောင်းတွေ၊ ရလဒ်ကောင်းတွေရရှိမှာ ဖြစ်ပါတယ်။

ဦးမျိုးဝင်း (ပြပွဲလာရောက်ပြသသူ)
မန်နေဂျာ၊ MATM Motor

EV ကဏ္ဍဟာ မြန်မာနိုင်ငံမှာ နည်းပညာနဲ့ပတ်သက်တဲ့ အဆင့်မြင့် ကဏ္ဍတစ်ခုကို ဦးတည်လျှောက်လှမ်းနေပါပြီ။ ဒီနေ့လို သိပ္ပံနည်းပညာကဏ္ဍနဲ့ ပတ်သက်တဲ့ အခမ်းအနားမှာ EV Car တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ အခုခေတ်မှာ နည်းပညာနဲ့ ပတ်သက်တာတွေကို ဆန်းသစ်ကြတဲ့အခါ သဘာဝပတ်ဝန်းကျင်ကိုလည်း အလေးထားလာကြပါတယ်။ အခုဒီပွဲမှာဆိုရင် အနာဂတ် မြန်မာနိုင်ငံရဲ့ သိပ္ပံနည်းပညာကဏ္ဍရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ့် ကျောင်းသား ကျောင်းသူတွေဟာ EV Car ရဲ့ ထုတ်လုပ်မှု ဒီဇိုင်းတွေကို လာရောက် လေ့လာကြပါတယ်။ ကျောင်းသား ကျောင်းသူအများစုက EV Car ရဲ့ ဘက်ထရီအစိတ်အပိုင်းနဲ့ ပတ်သက်တာ၊ အာမခံချက်ပေးတဲ့အပိုင်းတွေ၊ အပိုပစ္စည်း ထုတ်လုပ်မှုအပိုင်းတွေ စတဲ့အကြောင်း အရာတွေကို စိတ်ဝင်တစား မေးမြန်းကြပါတယ်။

ဦးထက်မြက်အောင် (မန်နေဂျာ HITACHI SOE ELECTRONIC & MACHINERY CO.,LTD)

ဒီနေ့ပြပွဲမှာ နည်းပညာအသစ်ဖြစ်တဲ့ Transformer တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Transformer တွေကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကနိုင်ငံသား အင်ဂျင်နီယာတွေနဲ့ နည်းပညာအဆင့်မြင့်မားစွာ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နည်းပညာအသစ်တွေကို စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်နေပြီး ဒီလို ပြပွဲတွေကနေ အသိပညာတွေ ဖြန့်ဝေပေးနေပါတယ်။ မြန်မာနိုင်ငံမှာပဲ ဒီလို နည်းပညာအမြင့်တွေနဲ့ ထုတ်လုပ်နိုင်တယ်ဆိုတာကို အင်ဂျင်နီယာ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ စိတ်ဝင်တစား လာရောက်လေ့လာကြတယ်။ လေ့လာပြီးတော့ သိချင်တာ တွေကိုလည်း အသေးစိတ်မေးမြန်းကြပါတယ်။

မောင်အောင်မင်းခန့် (စတုတ္ထနှစ် ကျောင်းသား၊ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ))

ကျွန်တော်တို့ တက္ကသိုလ်အနေနဲ့ Virtual Campus to Smart Campus ဆိုတဲ့ ခေါင်းစဉ်အောက်က Project တစ်ခု ဖန်တီးထားတာ ဖြစ်ပါတယ်။ ဒါကို လုပ်ဆောင်တာ ခြောက်လလောက်ရှိပါပြီ။ ဒီ Project ကနေ Energy Consumption စွမ်းအင်သုံးစွဲမှုကို လျှော့ချနိုင်မယ်၊ Power Saving ဖြစ်မယ်၊ အင်တာနက်ရှိရုံနဲ့ အခက်အခဲမရှိ Smart ကျတဲ့ ဘဝနေထိုင်မှုပုံစံကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

မောင်ကြည်စင်သိန်း (စတုတ္ထနှစ် ကျောင်းသား၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်))

အခုလို ရာပြည့်အခမ်းအနားမှာ ကျောင်းသားတစ်ဦးအနေနဲ့ ပါဝင်ဆင်နွှဲခွင့်ရတာ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ MSME နဲ့ပတ်သက်တဲ့ Project ကို လာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Project ကို Web portal အနေနဲ့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ MSME ကဏ္ဍအောက်က စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့ကဏ္ဍတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အကျိုးကျေးဇူးတွေရရှိမယ့် အချက်အလက်တွေ ရရှိနိုင်ပါတယ်။ ပြီးတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့ ထုတ်ကုန်တွေ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကိုလည်း လေ့လာနိုင်ပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ Project ကို လာရောက် လေ့လာပို့ ဖိတ်ခေါ်လိုပါတယ်။

တွေ့ဆုံမေးမြန်း - ဝင်းဝင်း
ဓာတ်ပုံ- ကိုကြီးထိန်(MNA)

✪ *ကျော်ဖုံးမှ*

ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံ လုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူသည် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ မှတ်ပုံတင် လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက **"ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်"** အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အမိန့်အမှတ် ၈၂ / ၂၀၂၄ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ ဤအမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့် နေ့ရက်တွင် ဆန်စပါးသိုလှောင်ရုံ ပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါပုဂ္ဂိုလ်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခံရမည်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့် ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ သို့ဖြစ်ပါ၍ ဆန်စပါးသိုလှောင်ရုံကို ပိုင်ဆိုင်သူများအနေဖြင့် ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်နှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြေညာအပ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လက်ဝတ်ရတနာပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ တောင်ကြီး မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံ မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော် ယာဉ်နှစ်စီးနှင့် ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၃၉၄၄၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Yar Zar Min Truck တစ်စီး၊ Nissan Diesel Truck တစ်စီး Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၉၃၄၄၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှ ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိ သည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၃၀၃၀၀၄)ကိုလည်းကောင်း၊ ရန် ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယနိုင်ငံ ဂါယာမြို့ သို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည် ငါးဦး၏ ခန္ဓာကိုယ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ရွှေဟုယူဆရသော ဟန်းခ်ျနီးငါးကုံးအပါအဝင် လက်ဝတ်ရတနာပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုး ငွေကျပ် ၁၂၈၁၅၆၄၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းရှိ ခမရ(၂၀၂) စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ဘားအံမြို့သို့မောင်းနှင် လာသောမော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိ သည့် စားသောက်ကုန်ပစ္စည်းလေးမျိုး၊ လူသုံးကုန် ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၇၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှု ဇုန်ထုတ်ထော်လာဂျီ တစ်စီး၊ Toyota Hiace တစ်စီး နှင့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန် ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ ညောင်ခါးရွာ X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမည ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MYANMAR Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်း ကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၅၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Joylong Mini Bus တစ်စီး၊ KIA Bongo Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၈၂၁၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ မြိတ်မြို့ ကန်ဖျားရပ် ရဲသိပ္ပံလမ်းရှိ ဂိုဒေါင် တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေး လမ်းပေါင်း ဟန်မြင့်မိုရ်လမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သည့် Foton Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်- မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၃၈၆/၂)၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၉၄၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်း ကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင် မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်း ကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီး ရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၉ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၂၆၈၄၄၄ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် နိုင်ငံတော်မှအရေးကြီး ကုန်စည်အဖြစ်သတ်မှတ်ထားသော ရွှေထည် လက်ဝတ်ရတနာပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့်အပြင် တရားမဝင်တင်သွင်းမှုများကြောင့်လည်း နိုင်ငံတော် အတွက် ရသင့်ရထိုက်သည့်အခွန်အခများ အပြည့်အဝ မရရှိဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သတင်းရရှိသည်။ သတင်းစဉ်

■ နိုင်ငံတကာသတင်း ■

အပစ်အခတ်ရပ်စဲမှုမရှိဘဲ အကျဉ်းသားလဲလှယ်မှု မရှိဟု ဟားမားစ်တို့ပြော

ဂါဇာ နိုဝင်ဘာ ၂၁

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲမှု မရှိဘဲ အကျဉ်းသားလဲလှယ်ရန် မရှိဟု နိုဝင်ဘာ ၂၀ ရက်တွင် ဟားမားစ် အရာရှိတစ်ဦးက ပြော သည်။

တိုက်ပွဲများကို ရပ်တန့်ရန် လိုလားပြီး အကျဉ်းသားလဲလှယ်မှုပြုလုပ်နိုင်ရေးအတွက် တိုက်ပွဲများကို ဦးစွာ ရပ်တန့်ရမည်ဟု ဟားမားစ် နိုင်ငံရေးဗျူရို အဖွဲ့ဝင် ခါလစ် အယ်-ဟေရာ က ပြော သည်။ နိုင်ငံအသီးသီးနှင့်ဆက်သွယ် မှုများ၊ ကြားခံဆက်သွယ်မှုများကို ဆက်လက်လုပ်ဆောင်နေ ကြောင်း၊ ၎င်းတို့သည်အဆင့်သင့် ဖြစ်နေပြီး တက်ကြွလျက်ရှိ ကြောင်း ၎င်းက ဆက်ပြောသည်။

တိုက်ပွဲများ အားလုံးရပ်တန့် သွားရန် လမ်းကြောင်းပေါင်းစုံကို ဟားမားစ်တို့က ရှာဖွေနေကြောင်း၊ ရန်လိုမှုစစ်ပွဲများ အားလုံးချုပ်ငြိမ်း သွားရန် ဟားမားစ်တို့ လိုချင် ကြောင်း ၎င်းက ဆက်လက်ပြော ကြားသည်။ ဂါဇာနှင့်ဆက်နွယ် သည့်ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရန် ကော်မတီတစ်ခု ဖွဲ့စည်းခြင်းကို ဟားမားစ်တို့က ထောက်ခံကြောင်း၊ လိုအပ်သည့် အခြေအနေတစ်ခုတွင် အဆိုပါ ကော်မတီသည် ဂါဇာဒေသကို အုပ်ညှဉ်းအဝ စီမံခန့်ခွဲမည်ဖြစ်ပြီး ဂါဇာဒေသရှိ နေ့စဉ်သွားလာ လှုပ်ရှားမှုအားလုံးကို အဆိုပါ ကော်မတီက ကိုင်တွယ်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကိုင်ရိုမြို့၌ ပါလက်စတိုင်း အမျိုးသားလွတ်မြောက်ရေးလှုပ် ရှားမှုအဖွဲ့ (Fatah)နှင့် အခြား သော ပါလက်စတိုင်းခေါင်းဆောင် များ တွေ့ဆုံဆွေးနွေးခြင်းမှ ဖြစ်ထွန်းလာမှုများကို အလေးပေး ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဆင်ဟွာ

ဟားမားစ် နိုင်ငံရေးဗျူရို အဖွဲ့ဝင် ခါလစ် အယ်-ဟေရာ

အီရတ်နိုင်ငံ၌ ၃၇ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် သန်းခေါင်စာရင်းကောက်ယူ

ဘဂ္ဂဒတ် နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံသည် ပြန်လည် ထူထောင်ရေး ကြိုးပမ်းမှုအစိတ် အပိုင်းတစ်ခုအနေဖြင့် ၃၇ နှစ်တာ ကာလအတွင်း ပထမဆုံး အမျိုး သားသန်းခေါင်စာရင်းကောက်ယူ မှုကို ပြုလုပ်ခဲ့သည်။

နိုဝင်ဘာ ၂၀ရက်မှစတင်ကာ အီရတ်အစိုးရသည် လူဦးရေ စစ်တမ်းကောက်ယူမှုများ စတင် ပြုလုပ်ခဲ့သည်။ ပညာရေးနှင့် အခြားသောအစီအစဉ်များ အပါ အဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ သန်းခေါင်စာရင်း ကောက်ယူမှု အချက်အလက်များကို အသုံးပြု သွားမည်ဖြစ်သည်။ ၁၉၈၇ ခုနှစ် တွင် နေ့ကာဆုံးအကြိမ် သန်းခေါင် စာရင်းကောက်ယူခဲ့သည်။

အီရတ်စစ်ပွဲနှင့် အိုင်အက်စ် တို့အပါအဝင်အခြားသောစစ်သွေး ကြွေးများနှင့် ဖြစ်ပွားခဲ့ရသည့် တိုက်ပွဲများကြောင့် လူဦးရေ စာရင်းအတိအကျကို ကောက်ယူ နိုင်ခဲ့ခြင်းမရှိသည်မှာ အချိန် ကာလ ကြာမြင့်လှပြီဖြစ်သည်။ အီရတ်နိုင်ငံမြောက်ပိုင်း ကဒ္ဒစ် ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဘီရယ်တွင် သန်းခေါင်စာရင်း ကောက်ယူရေး ဝန်ထမ်းများသည် အိမ်ထောင်စု တစ်ခုချင်းစီသို့ သွားရောက်ကာ မိသားစုဝင်ဦးရေ နှင့် မွေးသက္ကရာဇ်တို့ကို စတင် ကောက်ယူကာ အချက်အလက် များ စာရင်းသွင်းနေပြီဖြစ်သည်။

အဆိုပါစစ်တမ်းကောက်ယူမှု ကို ဝန်ထမ်းပေါင်း ၁၂၀၀၀ ခန့် ဖြင့် လုပ်ဆောင်လျက်ရှိသည်ဟု အေပီသတင်းဌာနတွင် ဖော်ပြထား သည်။ အစိုးရက နိုဝင်ဘာ ၂၁ ရက် အထိနိုင်ငံတစ်ဝန်း အရေးပေါ်ကိစ္စ မှတစ်ပါး နှစ်ရက်ကြာ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။ အာဘီရယ် မြို့ရှိလမ်းမများတွင် လူသူကင်းမဲ့ နေပြီး ဈေးဝယ်သူအနည်းငယ်ကို သာ တွေ့ရသည်။ နှစ်လမှ သုံးလ အတွင်း သန်းခေါင်စာရင်းကောက် ယူမှုရလဒ်ကို ကြေညာမည်ဖြစ် သည်။ အင်နှစ်အိတ်ချ်ကေ



အာဘီရယ်မြို့တွင် သန်းခေါင်စာရင်းကောက်ယူမှုပြုလုပ်နေသည် ကို တွေ့ရစဉ်။



❑ *ကျောဖုံးမှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျိုကုန်းကျေးရွာလမ်းဆုံတွင် ကလေးဝမှ ကလေးဘက်သို့ စိန်လွင် မောင်းနှင်ပြီး ခွစ်စနစ်ကို လိုက်ပါလာသည့် FUSO ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ရောင်းချခဲ့ကြသည့် မြင့်နိုင်ဦး (ခ) မောင်စိုးနှင့် ဇော်ဝင်းထွန်း (ခ) နိုင်ဝင်းထွန်း(ခ) နားကားတို့အား မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်ရှိ နေအိမ်တွင် လည်းကောင်း၊ ဘရန့်မွန်း (ခ) ဇော်တန်အား မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်တွင် လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ် စကြံာနွယ်စဉ် ရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ မူးယစ်ဆေးဝါးများအား ကလေးမြို့တွင် လက်ခံသိုလှောင်၍ မြန်မာ - အိန္ဒိယ နယ်စပ်သို့ တင်ပို့ရောင်းချသူများ ဖြစ်ကြသည့် လားထန်ဝိုးယာ အား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀) တွင် တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်နှင့် လည်းကောင်း၊ သောက်နယ်လွယ် (ခ) ပုသောက် အား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ (၁၃) ရှိ နေအိမ်မှ စိတ်ကြွဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ခဲ့သည့် ဝင်းဌေးအောင်အား ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍ ၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါးများအား လက်ခံသိုလှောင်ထား သည့် လှမိုး (ခ) ဆန်းလွင် အား ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေး ဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား မန္တလေးမြို့တွင် တစ်ဆင့် ပြန်လည်ရောင်းချသူမှာ ရော့ကျိန်ရန် (ခ) အားဟွိုက် ဖြစ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်း လက်ခံဆောင်ရွက်ပေးသူမှာ ၎င်း၏ဇနီး မအားမိန် ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်နေ စိုးဝင်း ၏ အစီအမံဖြင့် မူးယစ်ဆေးဝါးများ မန္တလေးတွင် လက်ခံသိုလှောင် ဖြန့်ဖြူးပို့ဆောင်ပေးသူ ရဲဇော်အောင် (ခ) အားဖ အား ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ နေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ ကီလို နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရွးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ တန်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးမြို့သို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ကလေးမြို့တွင် သိုလှောင်၍ မြန်မာ - အိန္ဒိယ နယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများနှင့် ချိတ်ဆက် သယ်ဆောင်ရောင်းဝယ်ခဲ့ကြောင်း နှင့် အလားတူ ထိန်းချုပ်ဓာတုပစ္စည်းများ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့ဝင် ၂၁ ဦးအား ဖော်ထုတ်နိုင်ခဲ့၍ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှု ကျူးလွန်သူများအား စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း နှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်တွင် ဘောက်မော်တော်ယာဉ်နှင့်အတူ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

ကလေးမြို့ တာဟန်းရပ်ကွက်တွင် သိမ်းဆည်းရမိသည့် ကဖင်းနှင့် မူးယစ်ဆေးဝါးများ။

ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ နေအိမ်မှ ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hmoe Htin Lin” Facebook အကောင့်နှင့် “Hmoe Htin Lin” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ မုတ်ထင်လင်းအား ညနေ ၆ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့နှင့် ရေဝေတီတိုင်းဒေသကြီး မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများကို ယနေ့တွင် ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲဆိုင်းဘုတ်များအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက Polytechnic University ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက Polytechnic University များ ဖွင့်လှစ်ခြင်းအထိမ်း အမှတ်အဖြစ် အဆိုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များ၏ အချက်အလက်များနှင့် ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် Product Show ပြခန်းများ၊ ဘာသာရပ်ဆိုင်ရာ Project ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မော်လမြိုင်ကျွန်း၊ အောင်လံမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေကြောင်း မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ရေဝေတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လူငယ် ၂၀ နီးပါးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အလားတူ မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့ပေါ်တွင် နိုဝင်ဘာ ၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဆောင်ရန် အတွက် လူငယ် အမျိုးသား အမျိုးသမီး ၇၀ ခန့်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံဆော်ဝါဒ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေ လုံခြုံရေး တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါ မြို့နယ်များအတွင်း တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအား မည်သည့် အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းများသို့ တက်ရောက်ရန်အတွက် မိမိဆန္ဒအလျောက် လာရောက် ဆန္ဒပြသူများ အများအပြားရှိပြီး လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်း စစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်းများကို ခေါ်ဆောင်ခြင်းမရှိသေးကြောင်း၊ လူငယ်များ၊ လမ်းသွားလမ်းလာများကိုလည်း ပေါ်တာဆွဲဖမ်းဆီးခြင်းများ မရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါ သတင်းများသည် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက် အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဧလ

* *ကျောဖုံးမှ*

တောင်တက်လမ်းလျှောက်သူများအတွက် ဒီဇင်ဘာ ၁ ရက် နံနက်မှစ၍ ပြည်သူလူထု ကျန်းမာရေး တောင်တက်လမ်းလျှောက်နှင့် ဘုရားဖူးရာသီ စတင်မည်ဟု သိရသည်။

တောင်တက် လမ်းလျှောက်ရာသီ ကာလအတွင်း စနေ၊ တနင်္ဂနွေနေ့များတွင် တောင်တက်လမ်းလျှောက်သူများ အန္တရာယ်ကင်းစေရန် နံနက် ၅ နာရီမှ ၉ နာရီအထိ တာဝန်ရှိသူများနှင့် တောင်ပေါ်ဘုန်းကြီးကျောင်းကားများမှအပ ကား၊ ဆိုင်ကယ်များ၊ စက်ဘီးများ မတက်ရဟု သတ်မှတ်ထားသည်။

တောင်တက် လမ်းလျှောက်ရာသီကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး မော်လမြိုင်မြို့ အပါအဝင် ကျိုက်မရောမြို့၊ မုတ္တမမြို့နှင့် ဘီလူးကျွန်း အစရှိသည့် နေရာဒေသများအပြင် နေရာဒေသအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များ လာရောက် တောင်တက်လေ့ရှိသည်။ MT

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ - ၁၁-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၉၅၅	၃၀၃၅	၃၀၁၀	၂၉၆၅	၃၀၃၅	၃၀၅၀	၃၀၆၀	၃၀၁၅	၄၅၀၅	၃၀၃၀	၃၀၂၅	၃၀၄၀	၃၀၀၀	၃၀၆၀	၃၀၀၅	၃၀၃၅	၃၉၃၅	၃၉၉၀
95 Ron	၃၁၅၀	၃၂၄၀	၃၂၀၅	၃၁၆၀	၃၂၀၅	၃၂၄၅	၃၂၆၀	၃၂၀၀	၄၅၆၀	၃၁၇၀	၃၂၂၀	၃၂၀၅	၃၂၀၀	၃၂၀၅	၃၂၀၀	၃၆၀၅	၄၁၀၀	၄၁၀၀
HSD (500 ppm)	၂၆၂၀	၂၇၀၀	၂၆၀၅	၂၆၃၀	၂၇၀၅	၂၇၀၅	၂၇၃၀	၂၆၆၀	-	၂၈၄၀	၂၆၆၀	၂၇၀၅	၂၇၄၀	၂၇၂၅	၂၇၄၀	၃၁၄၅	၃၉၅၀	၃၉၅၀
HSD (50 ppm)	၃၂၅၅	၃၃၄၀	၃၃၀၅	၃၂၆၅	၃၃၄၀	၃၃၅၀	၃၃၆၅	၃၃၂၀	၄၈၃၀	၃၄၇၅	၃၃၂၅	၃၃၄၅	၃၃၆၅	၃၃၀၅	၃၃၆၅	၃၇၀၀	-	-
HSD (10 ppm)	၃၂၅၅	၃၃၄၀	၃၃၀၅	၃၂၆၅	၃၃၄၀	၃၃၅၀	၃၃၆၅	၃၃၂၀	-	၃၄၇၅	၃၃၂၅	၃၃၄၅	၃၃၆၅	၃၃၀၅	၃၃၆၅	၃၇၀၀	-	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၉၉	၂၈၈၉
95 Ron	၂၉၈၉	၃၀၈၃
HSD (500 ppm)	၂၄၇၅	၂၅၁၄
HSD (50 ppm)	၃၀၉၂	၃၁၈၄
HSD (10 ppm)	၃၀၉၂	၃၁၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၁ - ၂၀၂၄ ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈၅၀၀	၈၅၀၀	၁၇၈၈	၁၅၂၈၇၀၀၀
MTSH	၃၂၅၀	၃၂၅၀	၁၈၃၂၂	၅၉၅၄၆၀၀
MCB	၈၄၀၀	၈၅၀၀	၄၉၃	၄၁၈၀၈၀၀
FPB	၁၉၀၀	၂၀၀၀	၇၂၄၁	၁၃၉၇၇၉၀၀
TMH	၃၃၀၀	၃၃၀၀	၁၁၀၀	၃၆၃၀၀၀၀
EFR	၁၇၀၀	၁၈၀၀	၂၃၁၆	၄၁၃၃၉၀၀
AMATA	၄၅၀၀	၄၅၀၀	၆၆၀	၂၉၇၀၀၀၀
MAEX	၃၂၀၀	၃၂၅၀	၃၃၅၆	၁၀၈၇၆၃၅၀
MADPL (PLB)	၃၄၅၀၀	၃၄၅၀၀	၄၅၄	၁၅၆၆၃၀၀၀

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက ညီလာခံနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်(၄)ခုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆို-(၁) ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှဦးဆောင်၍ တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ (၂) တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရေး အတွက် ဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ (၃) တိုင်းရင်းဆေးပညာရှင် လူစွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်မွေးထုတ် ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ (၄) ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား ကျောင်းသားလူငယ်အရွယ်မှစ၍ လေးစားတန်ဖိုးထားတတ်စေရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပြုချက်များနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းတို့နှင့် ပူးပေါင်း၍ ပညာပေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုကြောင်းနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများမှလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ညီလာခံကိုယ်စားလှယ်များကို အုပ်စု(၄)စုခွဲကာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက် (၄) ခုကို တင်ပြကြရန် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ်များကို နေပြည်တော်တစ်ပိုင်ရှိ အမျိုးသားပရဆေးဥယျာဉ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တို့သို့ လေ့လာရေးဖိုဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

"အမျိုးသားအောင်ပွဲနေ့" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကိုအခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင် ရောက်ရှိမည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ထက်မြက်နိုး၊ ရသ၊ ဝိုင်းလမင်းအောင်၊ နိုးထက်အောင်၊ မင်းသားလေး၊ နိုးညည်း၊ ကြူကြူနိုင်၊ အိအိလှိုင်၊ ကုဋာဝင်နှင့် မြင့်မြတ်ကျော်တို့က အမျိုးဂုဏ်/ဇာတိဂုဏ် မြင့်တင်နိုင်မည့် ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများဖြင့် ရွေးချယ် သီဆိုဖျော်ဖြေ တင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

Website နှင့် Mobile Application တို့တွင် အလွယ်တကူ လေ့လာဖတ်ရှုနိုင်မည်.
မဲဆယ်မှုနှင့် တရားမဲ့ပြုကျင့်မှုများ
https://2020election.uec.gov.mm
၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့်
မဲဆယ်မှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအား
ဘာသာစကား ၅ မျိုးဖြင့် အလွယ်တကူလေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
ကြေညာချက်

နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ်ဝက် စာသင်ကာလအတွက် ဘွဲ့ကြိုတန်း(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)၊ မဟာဝိဇ္ဇာတန်း(ပထမနှစ်၊ ဒုတိယနှစ်)၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် အချိန်ပိုင်းအနုပညာဒီပလိုမာ သင်တန်းများကို ၂၁ - ၁၁-၂၀၂၄ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အချိန်ပိုင်းအနုပညာ ကွန်ပျူတာဒီပလိုမာသင်တန်းများကို ၄ - ၁၂ - ၂၀၂၄ ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျောက်တန်း နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ဖြင့် စင်မကော်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၀ ရက်တွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ စင်မကော်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် အရည်အေး ၁၇၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာလမ်း၊ အရည်အေး ၃၄၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိလမ်းနှင့် အရည်အေး ၅၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာလမ်း သုံးလမ်းတို့အား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **သန့်ဇင်ထွန်း(ကျောက်တန်း)**

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တိုးချဲ့ပညာပေးအစီအစဉ်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း(AFoCO RETC)၊ မှော်ဘီမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူများအား သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တိုးချဲ့ပညာပေးအစီအစဉ်ကို နိုဝင်ဘာ ၁၉ ရက်က မှော်ဘီမြို့ AFoCO Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် AFoCO RETC ကျောင်းအုပ်ကြီး ဦးသိန်းသန်းထွန်းက သင်တန်းကျောင်းတည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းနှင့် ဖွင့်လှစ်ပွဲချခဲ့သော သင်တန်းများ၊ Eco-school program ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံနှင့် အာရှဒေသရှိ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရေပျော်ငှက်များ ကျက်စားရာ မြန်မာနိုင်ငံရှိ ရေတိမ်ဒေသ ဂေဟစနစ်များ အရေးကြီးပုံ၊ ရေချိုအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ လူနှင့် ဇီဝအဝန်းနယ်မြေများ ဖွဲ့စည်းမှု၊ ပုပွားတောင် အမျိုးသားဥယျာဉ်နှင့် ဘူမိဥယျာဉ် တည်ထောင်ရေး လုပ်ငန်းစဉ်များ၊ Indo-Burma Hotspot နှင့် Himalaya Hotspot များ အကြောင်း၊ မြန်မာ့ဌာနေမျိုးရင်းတောရိုင်းတိရစ္ဆာန်များ၊ မြန်မာ့ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးနှင့် ဒီရေတောများ ကာကွယ်ရေး၊ အာရှဒေသတွင်း အရေးကြီးထိန်းသိမ်း ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များအကြောင်း စသည်တို့ကို ဆွေးနွေးရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

မောင်ဇော်

မှော်ဘီမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာသန်းမဲ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) မြို့နယ်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိုးက အမှာစကားပြောကြားပြီး ပြေးခုန်ပစ်ရွေတံဆိပ်ဆုရှင် ဒေါ်ခွဲနွဲ့အေးက ဆယ်ကျော်သက်အရွယ်နှင့် အားကစားခေါင်းစဉ်၊ ဂျူဒိုရွေတံဆိပ်ဆုရှင် ရဲမှူးကြည်ကြည်ဝေက ဂျူဒိုပညာအတွေ့အကြုံများ၊ မြို့နယ်အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိဒေါ်အေးအေးမော်က HIV အကြောင်း သိကောင်းစရာ၊ မြို့နယ် အားကစားတာဝန်ခံ ဒေါ်လဲ့လဲ့လွင်က ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးခြင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစန်းဝင်းက ဗလငါးတန်ဖွဲ့ဖြိုးဖို့ စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြပြီး အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

ကော့သောင်းမြို့၌ ကျေးလက်နေပြည်သူများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

ကော့သောင်း နိုဝင်ဘာ ၂၁

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကော့သောင်းမြို့ မဇ္ဈိမသာခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စီစစ်ရွေးချယ်ထားသော (ဆိုင်ကယ်ပြင်နှင့် စက်ချုပ်) သင်တန်းမှ သင်တန်းသား သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားတွင် ရွှေပြည်စိုးကျေးရွာမှ စက်ချုပ်သင်တန်းသူ ငါးဦးအတွက် အပ်ချုပ်စက်၊ ဓားစက်၊ ဘီတင်စက် စသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ ချုပ်ဖန်းကျေးရွာနှင့် (၁၀)ဦးတိုင် ကျေးရွာတို့မှ ဆိုင်ကယ်ပြုပြင်နည်း သင်တန်းသား ၁၀ ဦးအတွက် Dr.Api(Honda)၊ ဖိအားဖြင့်ရေဖျန်းစက်၊ ဘက်ထရီအားသွင်းစက် စသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုးတို့ကို လက်ဝယ် အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

မိုးနဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

မိုးနဲ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်အောင်အောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်းရင်းနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာရောဂါများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်သစ်တောဦးစီးဌာနမှူးက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်

မြန်အောင် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မ နေခြည်စေ့ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၉ ရက်က စေ့ရွှေ့၌ ကျင်းပသည်။ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသမှုများ ပြုလုပ်ခဲ့ပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် တစ်စီး၊ ဒေသပိုင်မီးသတ်ယာဉ် နှစ်စီး၊ ပါရမီလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စေ့ငြိမ်းငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ သရုပ်ပြလေ့ကျင့်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံ

ကျောင်းကုန်း နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ မြင်းလမ်းကုန်း အခြေခံပညာမူလတန်းကျောင်း၌ ကျောင်း အခြေပြု ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်သည်။

ကျောင်းကုန်းမြို့နယ်အတွင်း KG တန်းတွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သတ်မှတ်ပိုင်းခြား မိန်းကလေးငယ်များကို သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး(HPV)တို့ကို ထိုးနှံပေးသည်။

အဆိုပါ ဆုံဆို့၊ မေးခိုင် ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသက်ဦးနှင့် ပညာရေးဝန်ထမ်းများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

မြန်အောင်၌ ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေး

မြန်အောင် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ကျောင်းအခြေပြု DT ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် HPV သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်က အ.မ.က ယွန်းကျောင်းတွင် ပြုလုပ်သည်။ ကာကွယ်ဆေးထိုးနှံပေးမှုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) တက်ရောက်ဖွင့်လှစ်ပေး

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၉ ရက်က အခြေခံပညာ Grade-11 နှင့် Grade-12 ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား ကျောင်းသူများကို သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းနှင့်အညီ ပြန်လည်သင်ကြားပေးရမည်ဖြစ်သဖြင့် ဥပဒေပညာအခြေခံကို သိရှိနားလည်ပြီး ပြန်လည်သင်ကြားပို့ချနိုင်သည်အထိ ကြိုးစား သင်ယူသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)သင်တန်းတွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ဆရာ ဆရာမ ၁၆၇ ဦးအား ၁၀ ရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်ပြီး ကျန်သည့် နတ်တလင်းခရိုင်နှင့် သာယာဝတီ ခရိုင်တို့တွင်လည်း ခရိုင်အဆင့် ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် တက်ရောက်ဆုချီးမြှင့်

ထားဝယ် နိုဝင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြည်သူများမှန်ကန်သည့် အသိဉာဏ် ဗဟုသုတများ တိုးပွားစေရန်အတွက် စာဖတ်ကြရန်၊ စာဖတ်နိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးကြရန် နိုင်ငံတော်က အစဉ်အမြဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို အသိပညာပြည့်ဝသည့် လူငယ်များနှင့် တည်ဆောက်ကြမည်ဆိုပါက ကမ္ဘာ့အလယ်၌ နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်မှာ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမှီ ထားရှိပေးရန် အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန် နှင့် စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေး တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစား ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ် စာပေဆွေးနွေးပေးပါသော ကျောင်းသား ကျောင်းသူ လေးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ စကားရည်လုပြိုင်ပွဲတွင် အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်ပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေး

ကျိုက်ထို နိုဝင်ဘာ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအသိပညာပေးဟောပြောပွဲ၊ ပြဿနာပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်နိုးကြားစေရန်နှင့် အမျိုးသားနေ့ကို မမေ့သင့်ကြောင်းတို့ကို ဆွေးနွေးဟောပြောပြီး စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးကာ ထူးချွန်သူများအား လက်ဆောင်စုစည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးသူငယ်စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ပြသရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

ကော့မှူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ကော့မှူး နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က မြို့သစ်ရုပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အထက(ကော့မှူး) ၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလူမင်းက မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်စေသော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ဖြစ်ပွားနေချိန်များတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်းစသည့် အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသူများကို သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ကျော်သူရ (ကော့မှူး)

သန်လျင်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း စိစစ်ရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၂၁

သန်လျင်ခရိုင်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းရွေးချယ်ရေး အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သူသူသန်းတင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်က ကျောက်တန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် မွန်းလွဲပိုင်းတွင် စံချိန်စံအခြေခံပညာမူလတန်းကျောင်းများသို့ ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးသည်။ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း အခြေခံစံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ ဒုတိယအကြိမ် စစ်ဆေးခြင်းဖြစ်သည်။ အဆိုပါ ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဦးစီးဌာနက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
၂၀၂၅ ပညာသင်နှစ်
ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်ထပ်မံဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) ဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc(Anatomy)	၂ နှစ်
(၂)	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc(Pharmacology)	၂ နှစ်
(၃)	ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ) M.Med.Sc(Clinical Biochemistry)	၃ နှစ်
(၄)	ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc(Medical Jurisprudence)	၃ နှစ်
(၅)	ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ) M.Med.Sc(Radiation Oncology)	၃ နှစ်
(၆)	ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ) M.Med.Sc(Nuclear Medicine)	၃ နှစ်
(၇)	ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ) M.Med.Sc(Paediatric Surgery)	၃ နှစ်
(၈)	ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) M.Med.Sc(Thoracic Surgery)	၃ နှစ်
(၉)	ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) M.Med.Sc(Cardiovascular Surgery)	၄ နှစ်

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အဓိဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရထားသူ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၈)နှစ်ထက် မကျော်လွန်သူ မြို့နယ်ကုသရေးဦးစီးဌာနမှူး များသာ လျှောက်ထားနိုင်ပါသည်။

(ဃ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) သတ်မှတ်ထားသောသင်တန်းကာလအတွင်း Online ပို့ချခြင်းနှင့် လူကိုယ်တိုင်လာရောက်သင်ယူခြင်း (အနည်းဆုံး ၆ ပတ်)ဖြင့် သင်ကြားမည်ဖြစ်ရာ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၉-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလက်မှတ်ငွေးနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ်ထံလိပ်မူ၍ မဟက်ကွက် ပေးပို့ရမည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့ဘီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

[မှတ်ချက်]။ မြို့နယ်မြန်မာ့ဘီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့ဘီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]

၇။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ်ကြာမြင့်မှသာ ထပ်မံလျှောက်ထားခွင့်ရမည်။

၈။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရရာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ပြစ်ဒဏ်ရမည်။ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံတာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၉။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဘွဲ့လွန်/စာမေးပွဲဌာနမှ၊ ဖုန်းနံပါတ် (၀၁-စဉ့၇၀၉၃၈၊ ၀၁-စဉ့၂၄၈၅၅၊ ၀၁-စဉ့၂၄၁၁၃၃၊ ၀၁-စဉ့၂၄၁၁၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https://www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
၂၀၂၅ ပညာသင်နှစ်
ဆေးပညာဒီပလိုမာသင်တန်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

ဆေးပညာဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်း Diploma in Basic Emergency Care	၁ နှစ်

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အဓိဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၅)နှစ်ထက် မကျော်လွန်သူ မြို့နယ်ကုသရေးဦးစီးဌာနမှူး များသာ လျှောက်ထားနိုင်ပါသည်။

(ဃ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) သတ်မှတ်ထားသောသင်တန်းကာလအတွင်း Online ပို့ချခြင်းနှင့် လူကိုယ်တိုင်လာရောက်သင်ယူခြင်း (အနည်းဆုံး ၆ ပတ်)ဖြင့် သင်ကြားမည်ဖြစ်ရာ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၉-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလက်မှတ်ငွေးနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ်ထံလိပ်မူ၍ မဟက်ကွက် ပေးပို့ရမည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့ဘီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

[မှတ်ချက်]။ မြို့နယ်မြန်မာ့ဘီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့ဘီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]

၇။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ်ကြာမြင့်မှသာ ထပ်မံလျှောက်ထားခွင့်ရမည်။

၈။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရရာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ပြစ်ဒဏ်ရမည်။ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံတာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၉။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဘွဲ့လွန်/စာမေးပွဲဌာနမှ၊ ဖုန်းနံပါတ် (၀၁-စဉ့၇၀၉၃၈၊ ၀၁-စဉ့၂၄၈၅၅၊ ၀၁-စဉ့၂၄၁၁၃၃၊ ၀၁-စဉ့၂၄၁၁၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https://www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်းဖြော်ကြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွာမရပ်ကွက်၊ ကန်စွန်းနွယ်လမ်း၊ မြေအမျိုးအစား(ရွာမြေ)၊ (အလျား ၁၅၀ x အနံ ၅၀၀)၊ ရှိ မြေအကျယ်အဝန်းနှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ဧရိယာ မီး မီတာပါ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးအား မူလပိုင်ဆိုင်သူ ဒေါ်ခင်အေး(၁၂/လကန(နိုင်)၀၁၄၈၃၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စေ့မြတ်သူ(၁၄/သပန(နိုင်)၁၃၀၁၁၁) က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နိုင်ဝေမွန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၇)
အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၅၇၇၅၂၂

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျန်းအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅၈ကား၊ မြေကွက်အမှတ် (၃၁-၄၀၀၇)၊ ဒေါ်ခင်လှလှမြင့် ၁၂/ကမတ(နိုင်)၀၄၈၅၃၀ (၁၁) ဦးမောင်ချစ်အမည်ပေါက် နှစ်(၃၀)မြောင်းစာချုပ်မြေကွက်ကို ဒေါ်ခင်လှလှမြင့် ၁၂/ကမတ(နိုင်)၀၄၈၅၃၀ (၁၁) ဦးမောင်ချစ်မှ ဒေါ်နိုင်နုနှောသန်းအောင် ၁၁/ရုံးနန(နိုင်)၀၆၉၇၀၆ (၁၁) ဦးသန်းအောင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆိုလုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဝေမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၉၉-က)၊ ကျဲတူကွင်း၊ မြေကွက်အမှတ် (A၆-၁၆)၊ ဧရိယာ(၀.၀၈၆)ကေရိုမြေကို ဝေမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်နေ ဦးတင်ရွှေအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)ချုပ်ထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား (မူရင်းများဖြင့် ဤကြေငြာသည့်ရက်မှစ၍ ၁၅)ရက်အတွင်း ဝေမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားရန်(သက်တမ်းတိုး)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဝေမြို့၊ အေးချမ်းသာယာရပ်ကွက်၊ ကွင်းအမှတ်(TL-၁၄)၊ အေးချမ်းသာယာရပ်၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀.၁၉၀)ကေရိုမြေကို ဝေမြို့၊ အေးချမ်းသာယာရပ်ကွက်နေ ဦးတင်ရွှေအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)ချုပ်ထားပေးနိုင်ပါရန် လျှောက်ထား လာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား (မူရင်းများဖြင့် ဤကြေငြာသည့်ရက်မှစ၍ ၁၅)ရက်အတွင်း ဝေမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားရန်(သက်တမ်းတိုး)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/68782 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ဂု/တင(နိုင်)၁၀၄၇၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဤထဲလုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/68301 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ဂု/အတန(နိုင်)၀၀၉၄၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဤထဲလုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုခုန်းတောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၄ လမ်း၊ အမှတ်(12-B2-C2)၊ ၀၀၀၀၀၀၊ အကျယ်အဝန်း (၂၄x၆၀)ပေ တိုက်ခန်းကို ဦးဝင်းမောင်လှမှ အရပ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်အကျိုး ခံစားခွင့်လျက်ရှိပါကြောင်း ဝန်ခံခြင်း ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကစ်းလှမ်းခဲ့ရာတွင် ဝယ်ယူသူ ဦးစိုးမင်းဦး ၁၂/မကတ(နိုင်)၀၉၉၇၈၄၊ အမှတ်(၁၁၇)၊ ၁၂ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေသူမှ ဝယ်ယူရန် သဘောတူညီပါသဖြင့် ၁၃-၁၁-၂၀၂၄ ရက်တွင် စရန်ငွေတစ်ဝိတ်တစ်သောင်းပေးချေ ပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်အေး
အထက်တန်းရှေ့နေ
စဉ် ၁၉၁၂ (၃၀-၆-၂၀၀၄)

အမှတ် (၂၂၈/ခ)၊ ဧရာပုတော် (၇)လမ်း၊ ၁၂ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၀၀၆၅၅၂ ၀၉-၄၃၀၇၃၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်(၂)ရန်ကုန်
ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်
ထပ်မံလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန် သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)	M.Med.Sc (Anatomy)	၂ နှစ်
(၂)	ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ)	M.Med.Sc (Clinical Biochemistry)	၃ နှစ်
(၃)	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)	M.Med.Sc (Pharmacology)	၂ နှစ်
(၄)	ဆေးပညာမဟာသိပ္ပံ (ဥပဒေဆေးရောဆေးပညာ)	M.Med.Sc (Medical Jurisprudence)	၃ နှစ်
(၅)	ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)	M.Med.Sc (Cardiovascular Surgery)	၄ နှစ်

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.B.,B.Sဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစဉတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။
မှတ်ချက်။ ။ ခန္ဓာဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒနှင့် ဥပဒေဆေးရောဆေးပညာဘာသာရပ်များအတွက်လုပ်သက်သတ်မှတ်ချက်မရှိပါ။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံဘွဲ့သင်တန်းများအတွက် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(င) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂-၁၂-၂၀၂၄)ရက် (တနင်္ဂနွေ) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင်အင်္ဂလိပ်စာဘာသာရပ်ကိုထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့်အင်္ဂလိပ်စာဘာသာရပ်ကျမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကိုလုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်ဓိတ္တုတစ်စောင်ကိုဌေးဝှေးခွဲခွဲခွဲ

အများသိစေရန် အသိပေးကြေညာခြင်း

ခေါ်ဝင်ချမ်းမြေသူ (၁၄/မမန(နိုင်)၁၈၆၂၈၁)၊ CEO Cham Body Art Future Co.,Ltd သည် အမှတ်(၃၄)၊သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချမ်း Brand (အစ-၁၂/၃၀၆၂၁)ဖြင့် လူသုံးကုန်ပစ္စည်းများ လက်လီလက်ကားဖြန့်ဖြူးခြင်း လုပ်ငန်းကို ပြည်တွင်း ထုတ်ကုန်များဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချလျက်ရှိရာ၌ လုပ်ငန်းနှင့်ပတ်သက်၍ ဖြစ်စေ၊ ပုဂ္ဂိုလ်ရေး အရဖြစ်စေ၊ Online Network နှင့် Social Media များမှ ဖြစ်စေ မဟုတ်မမှန် ပြောဆိုရေးသားခြင်းများနှင့် မမှန်သတင်းလွှင့် ပြောဆိုခြင်းများကြောင့် ခေါ်ဝင်ချမ်းမြေသူ၏ ဂုဏ်သိက္ခာနှင့် လုပ်ငန်း အကျိုးစီးပွားများ ထိခိုက်နစ်နာစေသည့် ပြုမူပြောဆိုဆောင်ရွက်ခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်မည် ဖြစ်ပြီး နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် လျော်ကြေးငွေတောင်းဆိုခြင်း များကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာအသိပေး ကြေညာအပ်ပါသည်။

ခေါ်ဝင်ချမ်းမြေသူ (၁၄/မမန(နိုင်)၁၈၆၂၈၁) ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ဖြူဖြူညွှန့်, B.A,H.G.P,D.B.L.,D.M.L
အထက်တန်းရှေ့နေ
အမှတ် (၅၈/၃)၊ အဝေရာလမ်း၊ မွေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့် မြို့တံမြို့ကမ်းနားပတ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံများ - ၂၂-၁၁-၂၀၂၄ရက် စာတင်ရောင်းချမည့်ရက်**
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်**-၅-၁၂-၂၀၂၄ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်အား** ဆက်သွယ်အကြောင်းကြား သွားမည်ဖြစ်ပါသည်။
(ဃ) **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်တွင် ဝယ်ယူနိုင်ပါကြောင်း နှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၀၂၂၅၁၀/၂၃၅၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါ သည်။

တင်ဒါကော်မတီ

ဖခင်အမည်မှန်

ထီးချိုင့်မြို့နယ်၊ ဆယ်လ်ကျေးရွာမှ မဟန်နီကို (၅/ထခန(နိုင်)၀၉၄၁၄၆)၏ ဖခင်အမည် မှန်မှာ ဦးဟံဖေ(ခ)ဦးဟန်ဖေ ဖြစ်ပါကြောင်း။

ဦးဟံဖေ(ခ)ဦးဟန်ဖေ

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၁-၂၀၂၄ရက်နေ့ထုတ် စာမျက်နှာ ၂၈တွင် ပါရှိသော ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် 67W/62367 အစား 76W/62367 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေဩစ်မြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် အမှတ် ၁၀၁ ဦးပိုင်အမှတ် (စ-ညနဝ)ခဲစင်း/ဧရာလမ်း x ဥဝလမ်းကြား၊ ၁၉ လမ်း(B) လမ်းရှိ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ယုံအမည်ပေါက်တိုးဘမြောက်ကွက်အား ဒေါက်တာ ဒေါ်ခင်ယုံထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၈၂၇/၂၀၁၀)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဇနီး ဒေါ်ခင်ဝင်းကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးဘဆန်း(ခ)ဦးအောင်သန်း ၉/မနမ(နိုင်)၀၉၇၈၄၀၈၈ ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် အမှတ် ၈၀၂၊ ဦးပိုင်အမှတ် ၁၀၃/၂၊၆လမ်း၊ ၆ရပ်၆ဝီ ကြားရှိ ခေါ်ခြင်ဦးစီန်း၊ ဦးမျိုးချစ်၊ ဦးမျိုးမြင့်၊ ဒေါ်ငွေငွေး၊ ခေါ်ကြယ်ကြယ်မြင့်၊ ခေါ်လှလှမြင့်၊ ဦးအောင်စိုးမြင့်၊ ခေါ်ရီရီမြင့်တို့ ဓဋ်းအမည်ပေါက်ဘိုးဘမြောက်ကွက်အား ဦးမျိုးချစ်(လူမျိုဘဝ) ခင်ပွန်း ဦးမျိုးမြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သော ဇနီးနှင့် ကျန်ပုံးတွဲအမည်ပေါက် သူများဖြစ်ကြသော ဒေါ်မြင့်မြင့်စီန် ၉/ခအဇ(နိုင်)၀၀၉၈၅၁၊ ဒေါ်အုန်းအုန်းမြင့် ၉/မန၀(နိုင်)၀၃၁၃၃၃၊ ဒေါ်ငွေငွေး ၉/မရမ(နိုင်)၀၂၅၁၀၊ ဒေါ်ကြယ်ကြယ်မြင့် ၉/မရမ(နိုင်)၀၂၅၃၀၃၊ ဒေါ်လှလှမြင့် ၉/မရမ(နိုင်)၀၂၅၃၀၈၊ ဦးအောင်စိုးမြင့် ၉/မရမ(နိုင်)၀၂၅၃၀၂ ဒေါ်ရီရီမြင့် ၉/မရမ(နိုင်)၀၂၅၃၀၄ ဘိုးဘအမည်ပေါက် သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် အမှတ် ၈၀၂၊ ဦးပိုင်အမှတ် ၁-၃/၂၆လမ်း၊ ၆ရပ်၆ဝီ လေးကြား ရှိ ဦးမျိုးမြင့်၊ ဒေါ်ငွေငွေး၊ ခေါ်ကြယ်ကြယ်မြင့်၊ ဒေါ်လှလှမြင့်၊ ဦးအောင်စိုးမြင့်၊ ဒေါ်ရီရီမြင့်၊ ဒေါ် မြင့်မြင့်စီန်တို့ (ဂျဉ်းအမည်ပေါက် ဘိုးဘမြောက်ကွက်အား) ခင်ပွန်း ဦးမျိုးမြင့် ကွယ် လွန်၍ ကျန်ရစ်သူ ဇနီးနှင့် ကျန်ပုံးတွဲ အမည်ပေါက်သူများဖြစ်ကြသော ဒေါ်မြင့်မြင့်စီန် ၉/ခအဇ(နိုင်)၀၀၉၈၅၁၊ ဒေါ်အုန်းအုန်းမြင့် ၉/မန၀(နိုင်) ၀၃၃၁၃၃၊ ဒေါ်ငွေငွေး ၉/မရမ(နိုင်)၀၂၅၁၀၊ ဒေါ်ကြယ်ကြယ်မြင့် ၉/မရမ(နိုင်)၀၂၅၃၀၃၊ ဒေါ် လှလှမြင့် ၉/မရမ(နိုင်)၀၂၅၃၀၈၊ ဦးအောင်စိုးမြင့် ၉/မရမ(နိုင်)၀၂၅၃၀၂၊ ဒေါ်ရီရီမြင့် ၉/မရမ(နိုင်)၀၂၅၃၀၄တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံး ကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက် နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ် (၂/ကိုးနဝင်းအကွက်)၊ ဦးပိုင်အမှတ်(၅၄/ခ-၃-၁၀)၊ ဧရိယာ(၀.၀၃၄)ဧကရှိ မြေကွက်သည် ဒေါ်စန်းစန်းသွယ်အမည်ဖြင့် လူနေအိမ်မြေ အဖြစ်အသုံးပြုရန် လန-၃(ခ) ခွင့်ပြုချထားခဲ့ပါသည်။ ယခုအခါ ဒေါ်မေမျိုးအောင်(၃/ဘသဆ(နိုင်)၀၀၆၁၁)မှ လူနေထိုင်ရန် မြေငှားရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆိုကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ယနကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လွှော်အရာရှိ
မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ ကျွန်းအုပ်စုများပေါ်မှ ဧဝန်းငှားသိုက်များကို စုသိမ်းထုတ်ယူခွင့်အား ၂၀၂၄-၂၀၂၅ခုနှစ်၊ ၎က်သိုက် ရာသီမှ ၂၀၂၅-၂၀၂၆ခုနှစ်၊ ၎က်သိုက်ရာသီအထိ (၂)နှစ်တာစိုက်မိမိ ဈေးပြိုင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန်တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	လပိုဝ်	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလှနွှင့် ကောင်းကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာ စာရောင်းချမည့်ရက်** - ၂၂-၁၁-၂၀၂၄ရက်၊ နံနက် ၁၀:၀၀နာရီ
၃။ **တင်ဒါလျှောက်လွှာ-အရောင်းပိတ်မည့်ရက်** - ၁၁-၁၂-၂၀၂၄ရက် ညနေ ၁၆:၃၀နာရီ
၄။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၂၄ရက် နံနက် ၁၀:၀၀နာရီ
၅ **အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ**- ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊
ထားဝယ်မြို့
ဖုန်း-၀၉-၄၀၀၀၂၉၀၈၀၊ ၀၉-၇၈၅၀၃၂၆၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/5829 ၏ ဖောင်းကြွခဲ့ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနမခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပတ်စ်ပို့ပျောက်

တာမိုးညဲမြို့၊ ရပ်ကွက်(၄)နေ (၁၁) ဦးမာဆိုင်အိမ်၊သား မောင်မာဟောင်ကျို (၁၃/တမည(နိုင်)၀၀၆၉၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-342371)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၈၈၉၁၇၂၆၄

ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ ပင်ဖြစ်ရွာနေ (၁၁) ဦးသိန်းထိုက်၏သား မောင်ရဲလင်း နောင် (၁၃/ရစန(နိုင်)၁၂၀၀၉၈)၏ နိုင်ငံကူး လက်မှတ်အမှတ် (MB-492536)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၅၂၁၁၅၅

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ (၁၅)ဦးကြိုးစိတ်၏သား ဦးကြိုးစင်(ခ) ကျော်နိုင်ဖြင့် (၁၃/လရန(နိုင်)၀၅၆၄၇၇) ၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-203336) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၀၆၅၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/60539, Honda Wave -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၈/ရစက(နိုင်)၁၃၃၆၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/67845, Honda W 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းကျော် ၁၄/ညဘန(နိုင်) ၁၂၀၁၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ဃ/၁၉၇၂၆, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၆/မအရ (နိုင်)၀၄၀၅၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၉၇၂၆, Honda Pcx 125 M/C ယာဉ်လက်ဝယ် ရှိသူ ဦးထွန်းဝင်း ၆/မအရ (နိုင်)၀၄၀၅၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၁၉၇၂၆, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၆/မအရ (နိုင်) ၁၁၂၉၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တို့တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၆၀၀၀) ရာထူး (၁၆)နေရာနှင့် အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀) ရာထူး(၆)နေရာ၊ စုစုပေါင်း(၂၂)နေရာတို့အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

